# မြန်မာ့အလင်း


၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **ပန်ဆင်သူအကျိုးကို ဆောင်နိုင်**
>
> တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။
>
> ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၆)၊ အမှတ်(၁၉၂)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်



**ဖူးမြော်ကြည်ညို**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုစဉ်

ဓာတ်ပုံ-(ပြန်/ဆက်)

**ပေကျင်း ဧပြီ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့ လင်ကွမ်းကျောင်းတော်စွယ်တော်တိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓ၏လက်ဝဲဘက် အထက်စွယ်တော်မြတ် (Buddha Tooth Relics)အား သွားရောက်ဖူးမြော်ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လင်ကွမ်းကျောင်းတော်သို့ရောက်ရှိကြပြီး လင်ကွမ်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ စွယ်တော်တိုက်သို့ ရောက်ရှိကြပြီး ဗုဒ္ဓ၏ လက်ဝဲဘက် အထက်စွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓ၏လက်ဝဲဘက် အထက်စွယ်တော်မြတ်သည် မြန်မာနိုင်ငံသို့ လေးကြိမ်တိုင် ဒေသစာရီကြွချီ၍ ပြည်သူများ၏ ပူဇော်မှုခံယူခဲ့သည်။ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ဒေသစာရီ ကြွချီအပူဇော်ခံတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ပေကျင်းမြို့လင်ကွမ်းကျောင်းတော် စွယ်တော်တိုက်အတွင်း တင့်တယ်သပ္ပာယ်စွာ စံတော်မူလျက်ရှိပြီး ရွှေပလ္လင်နှင့် ရတနာ ခုနစ်သွယ်စီခြယ်ထားသည့် ကြုတ်တော်အတွင်း မူလအတိုင်း ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ထားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❀



## သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ်ရထား ခေါက်ရေတိုးချဲ့ပြေးဆွဲမည်

စာ » ၆

## မြန်မာနိုင်ငံ ဆေးတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အဖွဲ့ ဒီမောဆိုမြို့နယ်သို့ ရောက်ရှိ

စာ » ၇




# ရခိုင်အရေးမှာ ရိုးသားသည့် အကျိုးဆောင်များလိုနေပြီ

မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအရေးက ရှုပ်ထွေးသလောက် နက်ရှိုင်းလှသည်။ အရှုပ်အထွေးကို ရှုပ်သည်ထက် ရှုပ်အောင် မွှေနှောက်ရာတွင် အနောက်မီဒီယာအချို့သည်လည်း ရည်ရွယ်ချက်ရှိရှိ ပါဝင်နေပြီလောဆိုသည်ကို စောကြောဖွယ်ရာများလည်း တွေ့မြင်နေရသည်။

မကြာသေးမီက ဗြိတိန်အခြေစိုက် ဘီဘီစီသတင်းဌာနမှ သတင်းထောက်တစ်ဦးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား သီးခြားတွေ့ဆုံမေးမြန်းမှု ပြုလုပ်ရာတွင် "မိမိတိုင်းပြည်မှာ လူမျိုးသုဉ်းသုတ်သင်ရှင်းလင်းမှု ဖြစ်ပေါ်နေခြင်းကို တားဆီးရန် ပျက်ကွက်ခဲ့သူ" အဖြစ် ပုံဖော်ပြောကြားခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းမှု ဖြစ်ပေါ်နေခြင်းမရှိကြောင်း၊ အဆိုပါဝေါဟာရကို သုံးစွဲခြင်းသည် လက်ရှိအခြေအနေနှင့် ကိုက်ညီခြင်းမရှိဘဲ ပြင်းထန်လွန်းကြောင်း တုံ့ပြန်ပြောကြားကာ ပယ်ချခဲ့သည်။

ယမန်နှစ် နိုဝင်ဘာလအတွင်း ဘင်္ဂလားဒေ့ရှ်အခြေစိုက်ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဂျွန်မက်ကစ်စစ်က ဘီဘီစီသတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် ရခိုင်ပြည်နယ်၌ မျိုးသုဉ်းသတ်ဖြတ်မှု ပြုလုပ်နေကြောင်း စတင်စွပ်စွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါစကားလုံး သုံးစွဲမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သမိုင်းကို လေ့လာခဲ့သူ ကုလသမဂ္ဂအကြံပေး Jacques Leider က ရခိုင်ပြည်နယ်တွင် မျိုးသုဉ်းသတ်ဖြတ်သည့် ဖြစ်စဉ်မျိုးမရှိဘူးဟု အမေရိကန်အစိုးရကိုယ်တိုင်က ငြင်းဆိုခဲ့သလို ၎င်းကိုယ်တိုင်လည်း အမေရိကန်အစိုးရနှင့် တူညီသည့် အမြင်ရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသည့် အစ္စလာမ်ဘာသာဝင်များကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် စနစ်တကျဆောင်ရွက်နေသည့် လုပ်ဆောင်ချက်မျိုးမရှိဟု ယုံကြည်ကြောင်း၊ အဆိုပါ ဝေါဟာရသည် ပဋိပက္ခဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုခက်ခဲအောင် တွန်းပို့သကဲ့သို့ ဖြစ်စေသည့် အမြင်မှားယွင်းသည့်လမ်းကြောင်းပေါ်ကိုလည်း ရောက်ရှိစေခဲ့ကြောင်း၊ မျိုးသုဉ်းသတ်ဖြတ်မှုဆိုသည့် စွပ်စွဲမှုများသည် အခြေအမြစ်မရှိသည့် ရှုမြင်ချက်သာဖြစ်ကြောင်း ဂျာမန်သတင်းဌာန DW နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားခဲ့သည်။ ဤသည်မှာ ရခိုင်ပြည်နယ်တွင် မျိုးသုဉ်းသတ်ဖြတ်မှုရှိသည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ ကွဲပြားခြားနားသည့် အမြင်တစ်ရပ်ဖြစ်သော်လည်း ဘီဘီစီက အဆိုပါ ဝေါဟာရကိုပင် ထပ်မံသုံးစွဲလာခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ယမန်နှစ်အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်ရှိ မြန်မာနယ်ခြားစောင့်ရဲစခန်းများကို ဝင်ရောက်တိုက်ခိုက်မှုများ၏ မူလရည်ရွယ်ချက်ကိုယ်နှိုက်က ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အစိုးရအဖွဲ့သစ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို ရှုပ်ထွေးသွားစေရန်၊ ပျက်စီးသွားစေရန်၊ အကျပ်အတည်းဖြစ်ပေါ်စေရန် ရည်ရွယ်ရင်းသာဖြစ်ပြီး မြန်မာအစိုးရ၏ ရခိုင်အကျပ်အတည်းကို ပြေလည်အောင်ကြိုးပမ်းမှုကြောင့် ရလာနိုင်သည့်အဖြေထက် ၎င်းတို့၏ အန္တိမရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ခဲ့ခြင်းဟုသာ သုံးသပ်နိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်အရေးတွင် နိုင်ငံတကာမီဒီယာများသည် ကိုယ်ပိုင်လေ့လာ သုံးသပ်မှုများမပြုလုပ်ဘဲ ရခိုင်ပြည်နယ်ရှိ အစ္စလာမ္မစ် ကွန်ရက်များ၏ အမြင်များကိုသာ ဇောင်းပေးဖော်ပြနေပြီး ဗုဒ္ဓဘာသာဝင် ရခိုင် တိုင်းရင်းသားတို့၏ အခြေအနေကို ဖော်ပြခြင်းမရှိကြောင်း၊ ဘက်သုံးဖက်ရှိသည့် ပဋိပက္ခအသွင်ဖြစ်နေသည့် ရခိုင်ပြည်နယ်အရေးသည် တစ်ဖက်တည်းမှာသာ တာဝန်ရှိနေခြင်းမျိုးမဟုတ်သည်ကို သဘောပေါက်ရန်လိုကြောင်း ပြောကြားခဲ့သည့် ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ် Jacques Leider ၏ ရှုမြင်ချက်သည်လည်းကောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဦးတည်ရေး၊ ဆင်းရဲမွဲတေမှုနှင့် မူးယစ်ဆေးဝါးပြဿနာတို့ကို ကိုင်တွယ်ရေး၊ သမိုင်းကြောင်းဆိုးမွေ စသည်တို့နှင့်အတူ ဘာသာရေး၊ လူမျိုးရေးပြဿနာများကို ရင်ဆိုင်နေရသော်လည်း သတင်းမီဒီယာများက ဘက်လိုက်ကာ တစ်ဖက်သတ်အမြင်ဖြင့် ရေးသားနေကြကြောင်း၊ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ရှုပ်ထွေးခဲ့သည့် ပြဿနာများကို ကျော်လွှားရန်အတွက် ရိုးဖြောင့်သော အကျိုးဆောင်များလိုအပ်နေကြောင်း၊ မီဒီယာများနှင့် ကုလသမဂ္ဂတို့၏ ဝင်ရောက်စွက်ဖက်မှုသည် နောက်ထပ်သွေးစွန်းသော အခြေအနေများကိုသာ ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်းဖြင့် Modern Tokyo Times တွင် Michiyo Tanabe နှင့် Lee Jay Walker တို့ရေးသားခဲ့သည့် Anti-Buddhist Media and Myanmar : Complex Regional and Historical Dynamics ဆောင်းပါးပါ အချက်အလက်များသည်လည်းကောင်း ရခိုင်ပြည်နယ်အရေးတွင် ဆန့်ကျင်ဘက်မှ လော်ဘီများ ဝင်ရောက်နေဟန်ရှိသည့် အနောက်မီဒီယာအချို့၏ အပြောအဆိုအပြုအမူ လုပ်နည်းကိုင်နည်းနှင့် ရေးသားထုတ်လွှင့်မှုတို့ကို ထင်ဟပ်လျက်ရှိနေပါကြောင်း။ ။

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိသားစုများ၏ မြန်မာ့နှစ်သစ်ကူးအလှူအဖြစ် ငွေကျပ် သိန်း ၂၅၀၀ လှူဒါန်းမှုပြု

**ရန်ကုန် မေ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးမိသားစုများ၏ မြန်မာ့နှစ်သစ်ကူးအလှူအဖြစ် (၃၁) ကြိမ်မြောက် ဒုလ္လဘရဟန်းပြုခြင်းနှင့် သီလရှင်ဝတ်ခြင်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ချမ်းမြေ့ရိပ်သာကျောင်း ၌ မေ ၈ ရက်က ကျင်းပခဲ့သည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများနှင့် အလှူဒါနပြုခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ကျရောက်သည့် မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို ကြိုဆိုသည့်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများ၊ ဘုန်းကြီးကျောင်းများ၊ တရားစခန်းများ၊ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးဂေဟာများ၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် မြန်မာကျပ်ငွေ သိန်းပေါင်း ၂၀၀၀ ကိုလှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ရေရှားပါးသည့်ဒေသများတွင် သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်ဖြင့် စက်ရေတွင်း ၁၀ တွင်း တူးဖော်ပေးခြင်း၊ ရေကန် ငါးကန်အပါအဝင် သောက်သုံးရေလှူဒါန်းခြင်းများအတွက် မြန်မာငွေကျပ် သိန်း ၂၅၀၀ တိတိကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ညှိနှိုင်းရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမိုးသူရက "MPT တယ်လီဖုန်း သုံးစွဲသူတွေရဲ့ ကျေးဇူးကြောင့် ခုလို နှစ်သစ်ကူးအလှူကို ပြုလုပ်နိုင်တာ ဖြစ်ပါတယ်။ ဒီလိုအလှူကို MPT သုံးစွဲသူတွေ သာဓုခေါ်နိုင်အောင် မျှဝေရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ နှစ်သစ်ကူးအလှူတွင် ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းဝင်းအတွင်းရှိ ရေစက်၊ ရေကန်အတွက် မတည်အလှူငွေကျပ် သိန်းငါးဆယ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းနှင့် MPT- KSGM အကျိုးတူပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Toshitake Amamiya တို့က လှူဒါန်းရာ ချမ်းမြေ့ရိပ်သာကျောင်း အကျိုးတော်ဆောင်အဖွဲ့က လက်ခံရယူခဲ့သည်။ (ဓါတ်ပုံ)

ဆက်သွယ်ရေး မိသားစုများက မြန်မာ့နှစ်သစ်ကူး အလှူအဖြစ် သံဃာတော် ၁၄ ပါး၊ သီလရှင် ၁၁ ပါး ဒုလ္လဘရဟန်းပြုနှင့် သီလရှင်ဝတ်ခဲ့ကြပြီး ယောဂီ ၃၃ ဦးတို့ကလည်း တရားအားထုတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -ထင်ပေါ်ဝင်း**

# မုံရွာမြို့တွင်း မြို့ပြင်ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့်နေရာများကို Hot Spot ဇရိယာသတ်မှတ်

**မုံရွာ မေ ၉**

မုံရွာမြို့တွင်းမြို့ပြင် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့်နေရာများကို Hot Spot ဇရိယာသတ်မှတ်၍ မုံရွာမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးရေး ဆပ်ကော်မတီများနှင့် ပူးပေါင်း၍အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့အမှတ်(၁၇)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

မုံရွာမြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းနှင့် စည်းကမ်းပျက်ယာဉ် ဖမ်းဆီးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ဖြင့် နေ့စဉ် မုံရွာမြို့ပေါ်လှည့်လည်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို အသံချဲ့စက်ဖြင့် ကြေညာ ပေးနေသလို ရပ်ကွက် / ကျေးရွာ၊ စာသင်ကျောင်း၊ သုံးဘီးကားဆိုင်ကယ်ကယ်ရီဂိတ်များနှင့် အဝေးပြေးကားကြီးကွင်းများသို့လိုက်လံအသိပေးဟောပြောလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ယာဉ်အသွားအလာများသည့် ကျောက်ကာလမ်းမီးပွိုင့် ကြေးရုပ်အဝိုင်းပတ်တို့တွင် ပုံမှန်တပ်ဖွဲ့ဝင်နှစ်ဦးချထားပြီး အရာရှိတစ်ဦးနှင့် အခြားအဆင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးစီဖြင့် နေ့စဉ်နံနက် ၇ နာရီမှ ၁၀ နာရီနှင့် ညနေပိုင်းတွင် ၃ နာရီခွဲမှ ၅ နာရီခွဲအထိ Hand Speaker ဖြင့် နေ့စဉ်သရုပ်ပြ ပညာပေး ဟောပြောလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မုံရွာမြို့နယ် စစ်ဆေးဖမ်းဆီးရေးဆပ်ကော်မတီအဖွဲ့များနှင့် ပူးပေါင်း၍ နေ့စဉ်ရွှေ့လျားစနစ်ဖြင့် စည်းကမ်းပျက်မော်တော်ယာဉ်များကို စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိသလို မုံရွာမြို့ပေါ်တွင် စည်းကမ်းပျက်မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို ဦးထုပ်မဆောင်းခြင်း၊ ယာဉ်လိုင်စင်မရှိခြင်း၊ အိတ်ဇောဖောက်မောင်းနှင်ခြင်းတို့အား မြို့နယ် စစ်ဆေးဖမ်းဆီးရေးဆပ်ကော်မတီအဖွဲ့များနှင့် ပူးပေါင်း၍ မုံရွာဘူတာရှေ့၊ ချင်းတွင်းရတနာဈေး၊ ကျောက်ဆောင်ဆိပ်၊ ပန်းတန်းတို့တွင် နေ့စဉ်အလှည့်ကျ ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်ယာဉ်များ သတ်မှတ်ဂိတ်တွင် စနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်သလို မြို့တွင်းမြို့ပြင်ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားရာနေရာများတွင် Hot Spot ဇရိယာသတ်မှတ်ပြီး မြို့နယ်အသိပညာပေးရေးဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့ပေါ်တွင် ၂၀၁၅ ခုနှစ်က ယာဉ်တိုက်မှု ၃၇၄ မှုဖြစ်ပြီး ၆၂၉ ဦး ဒဏ်ရာရရှိကာ ၈၆ ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၁၆ ခုတွင် ၁၇၃ မှုဖြစ်ရာ ၃၀၄ ဦး ဒဏ်ရာရရှိပြီး ၄၉ ဦး သေဆုံးခဲ့ကြောင်း နှစ်အလိုက် ယာဉ်တိုက်မှုဖြစ်စဉ်မှတ်တမ်းမှ သိရသည်။

ထို့အပြင် ယခု ၂၀၁၇ ခု ဇန်နဝါရီလတွင်ယာဉ်တိုက်မှု ၁၁ မှုဖြစ်ရာ ၁၉ ဦး ဒဏ်ရာရရှိပြီး နှစ်ဦးသေဆုံးခဲ့သလို ဖေဖော်ဝါရီလတွင် ၁၄ မှုဖြစ်ရာ၌ ၂၄ ဦး ဒဏ်ရာရရှိပြီး နှစ်ဦးသေဆုံးခဲ့သဖြင့် ယာဉ်တိုက်မှုများ ကျဆင်းလာခြင်းမရှိဘဲ ပိုမိုခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မွန်သက်ကြီး ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၉**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၄၄)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲကို ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (မေ ၁၇ ရက်၊ တနင်္လာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲတွင် အသက် ၇၅ နှစ်နှင့်အထက် မွန်သက်ကြီးဘိုးဘွား ၁၆၅ ဦးတို့အား မြန်မာ့ရိုးရာအစဉ်အလာမပျက် ဂါရဝပြုကန်တော့ကြမည်ဖြစ်သည်။

သက်ကြီးဘိုးဘွားများအား ပါဝင်လှူဒါန်းလိုသူများ အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် ဆက်သွယ်ကြရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအား မွန်ရိုးရာ သင်္ကြန် ထမင်းဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၉-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ ・ ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ ・ ၉၃ |
| ထိုင်း | တစ်ဘတ် | ၃၉ ・ ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ ・ ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်းကို နေပြည်တော် MICC - II ၌ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် Live စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**Peace Talk**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

**နှင့်**

**ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း**

**MICC-II (နေပြည်တော်) ၁၁-၄-၂၀၁၇**




*※ ကျောဖုံးမှ*

ပြုစုပျိုးထောင်နေမှု၊ တန်ဖိုးမြင့်သစ်တောထွက်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ပြုစုပျိုးထောင်**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သစ်တောများထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းသည် ရာသီဥတုမျှတမှုကို ထိရောက်စွာ အထောက်အကူပြုပါကြောင်း၊ ပဲခူးရိုးမအပါအဝင် နိုင်ငံတစ်ဝန်းရှိ သစ်တောများ ရေရှည်တည်တံ့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံချက်ချမှတ် ဆောင်ရွက်နေသည်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရန်ဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းသစ်တောများမှ သစ်ခိုးထုတ်ယူနေမှုများ ယခုထက်ပိုမို တားဆီးကာကွယ် ထိန်းသိမ်းသွားရန် လိုအပ်သည့်အပြင် သစ်တောစိုက်ခင်းများကို စီမံချက်ပါအတိုင်း အပြည့်အဝ ပြုစုပျိုးထောင်စိုက်ပျိုးသွားရန် လိုအပ်ပါကြောင်း။

ထို့ပြင် ပဲခူးရိုးမအတွင်းရှိ ရှားပါးတိရစ္ဆာန်များနှင့် ဆင်များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ယခုစီမံချက်ပါပျိုးပင်များကို ရှင်သန်အောင်မြင်သည်ထိ တာဝန်ရှိ သူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှုရပ်နားထားချိန်တွင် သဘာဝအခြေခံတောတွင်းခရီးသွားလုပ်ငန်းများကို ဖော်ထုတ်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဝါးအခြေခံဒေသထွက်ကုန်လက်မှုပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှု ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းထက် လျှော့မသွားရအောင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇ - ၂၀၁၈ ခုနှစ်မှ ၂၀၂၆ - ၂၀၂၇ ခုနှစ်အထိ ၁၀ နှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းအရ နိုင်ငံတော်အစီအစဉ်ဖြင့် သစ်တောစိုက်ခင်းကေပေါင်း ၃၅၂၄၃၈ ကေ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းကေပေါင်း ၂၈၅၁၀၄ ကေ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်ထုတ်လုပ်ရေးသဘာဝတောများတွင် ဓမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်းအတွက် ကေ ၈၁၈၅၃၈ ကေ ဆောင်ရွက်ခြင်း၊ အပူပိုင်းဒေသရှိ သဘာဝတောကေ ၅၀၀၀၀၀ ကို ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများအတွက် အစုအဖွဲ့ပိုင်သစ်တော ၇၇၀၃၃၂ ကေ တည်ထောင်ခြင်း၊ သစ်တောနယ်မြေ ၁၆၁၆၀ စတုရန်းမိုင်၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၁၉ ရာခိုင်နှုန်းတိုးချဲ့ဖွဲ့စည်းပြီး နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောမြေအဖြစ်ဖွဲ့စည်းခြင်းတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောရှိ ကေ ၃၀၀ ပုဂ္ဂလိကပိုင်ကျွန်းစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့်ငါးနှစ်သားအရွယ် ကျွန်းပင်ပေါက်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရိုးမကြိုးပြင်ကာကွယ်တောရှိ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းပါ စိုက်ခင်းအမှတ် (၂/ ၂၀၁၇) ၌ ကျွန်းပင်သုံးသိန်းပျိုးထောင်နေမှုနှင့် စိုက်ပျိုးရန်မြေနေရာ ပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားပျိုးပင်များ စိုက်ပျိုးပြီးစီးပါက မီးဘေးအပါအဝင် ပျက်စီးဆုံးရှုံးမှုများ မဖြစ်အောင် စနစ်တကျကာကွယ်စောင့်ရှောက်သွားရန်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်သရေခေတ္တရာ ပျူယဉ်ကျေးမှုအမွေအနှစ် နယ်မြေ ပြတိုက်သို့ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပျူခေတ်လက်ရာ အသုံးအဆောင်ပစ္စည်းများ၊ ရဟန္တာဂူဘုရားနှင့် ဘောဘောကြီးစေတီတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန် - ပြည်ကားလမ်းဘေး မိုင်တိုင်အမှတ် ၁၇၆/၄ မှ ၁၇၇/၀ အကြား ဂျာမန်ရုက္ခဗေဒပညာရှင် ဒေါက်တာဘရန်းဒစ်မှ ၁၈၅၇ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည့်နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ ကျွန်းစိုက်ခင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ၎င်းနေရာရှိ ၇၈ ကေပေါ်တွင် ၁၈၅၇ ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်း စိုက်ပျိုးခဲ့သည့်ကျွန်းပင်ပေါင်း ၃၅၀၃ ပင် စိုက်ပျိုးထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရေတာရှည်မြို့နယ် စိုင်းရသစ်တောကြိုးဝိုင်းရှိ ကျွန်းစေ့ထုတ်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးစဉ်

# ရေရှားပါးသည့်နေရာများအတွက် ရဲတပ်ဖွဲ့ဝင်များ သောက်သုံးရေ သွားရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၉**

ဧပြီ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စံဝေ ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာနှင့် မင်းလမ်းကျေးရွာများရှိ ပြည်သူများအတွက် သောက်ရေဂါလန် ၁၆၀၀ အားလည်းကောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး မျိုးသန့် ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဘီးလင်းမြို့ကန်သာရပ်ကွက် ရပ်ကွက်(၇/ ၈)နှင့် တိုးချဲ့ရပ်ကွက်များရှိ ပြည်သူများအတွက် သောက်ရေဂါလန် ၂၇၅၀ အား လည်းကောင်း၊ အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ကျော်ကျော်မင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်ရှိ ပြည်သူများအတွက် သောက်သုံးရေဂါလန် ၆၀၀၀ ကိုလည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**



# နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့ လာရောက်ဖူးမြော်

ရန်ကုန် မေ ၉

**နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓမြတ်စွာသာသနာတော်ကမ္ဘာအနှံ့ ထွန်းကားပြန့်ပွားစေရန် ဆုတောင်းမေတ္တာပို့သကြသည်။**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဆရာတော် ရှွယ်ချိန် အမှူးပြုသော ဆရာတော်များက ဗုဒ္ဓမြတ်စွာသာသနာတော် ကမ္ဘာအနှံ့ထွန်းကားပြန့်ပွားစေရန် တရုတ်ဘာသာဖြင့် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက တရုတ်ဗုဒ္ဓဘာသာအဖွဲ့ဆရာတော်များသည် တရုတ်-မြန်မာဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် နှစ်နိုင်ငံချစ်ကြည်မှု ရေရှည်တည်တံ့စေရေး၊ ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်စေရေး ဆိုသော ရည်ရွယ်ချက်များဖြင့် လာရောက်ခြင်းဖြစ်သည့်အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း။

ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ယခုကဲ့သို့ လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းသည် ဗုဒ္ဓဘုရားရှင် လမ်းညွှန်တော်မူသည့် မဆုတ်ယုတ်ကြောင်း "အပရိဟာနိယ" တရားတော်နှင့် ညီညွတ်လျက်ရှိသဖြင့် နောင်အနာဂတ်ကာလတွင်လည်း ဗုဒ္ဓသားတော်များအချင်းချင်း၊ နှစ်နိုင်ငံလူပုဂ္ဂိုလ်များအချင်းချင်း လက်တွဲညီညွတ်စွာဖြင့် မကြာခဏ ညှိနှိုင်းဆွေးနွေးဖိတ်ကြားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် မိတ်ဆွေရင်းချာနိုင်ငံများဖြစ်ကြသည့်အားလျော်စွာ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမသြဝါဒဖြစ်သော "နှစ်နိုင်ငံစလုံးအတွက် ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေမည့် လုပ်ငန်းများကို ရှောင်ရှား၍ ချစ်ကြည်ရင်းနှီးမှုကို အရှည်တည်တံ့ခိုင်မြဲစေမည့် ကောင်းသောလုပ်ငန်းများကို ဆောင်ရွက်ကြကာ ဖြူစင်သောစိတ်ထားကို အရင်း တည်လျက်ဆောင်ရွက်ကြမည်"ဟု ခိုင်မာသော အဓိဋ္ဌာန်ဖြင့် အတူယှဉ်တွဲနေထိုင်ကြမည်ဆိုပါက နှစ်နိုင်ငံငြိမ်းချမ်းသော အိမ်နီးချင်းချစ်ကြည်ရင်းနှီးမှုသည် ဒေသတွင်းသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကိုပင် အထောက်အကူဖြစ်ပေလိမ့်မည်ဟု ပြောကြားလိုပါကြောင်း။

ဆရာတော်တို့ နှစ်နိုင်ငံသည် ဗုဒ္ဓမြတ်စွယ်တော်ကို အကြောင်းပြု၍လည်းကောင်း၊ နှစ်နိုင်ငံဆရာတော်များ အပြန်အလှန်ချစ်ကြည်ရေးခရီးများ ကြွရောက်၍လည်းကောင်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များသို့ စာသင်သားရဟန်းတော်များ စေလွှတ်ပညာသင်ကြားစေခြင်းဖြင့်လည်းကောင်း၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံ ဗုဒ္ဓသာသနာတော်အဓွန့်ရှည်ထွန်းကားပြန့်ပွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းဖြင့် လည်းကောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါစေ၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာန ဗုဒ္ဓဘာသာတို့ ဗုဒ္ဓသာသနာတော်စည်ပင်ပြန့်ကားထွန်းကားစေရေးအတွက် အတူလက်တွဲဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် သြဝါဒကထာမြွက်ကြားတော်မူသည်။



ထို့နောက် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်က မြန်မာနိုင်ငံသို့ ကြွရောက်သည့်ခရီးစဉ်နှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များ၊ တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**(သတင်းစဉ်)**

# ဆရာဇော်ဂျီ နှစ် ၁၁၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် မေ ၉

**ခေတ်စမ်းစာပေလောကကို ဦးဆောင် ခဲ့သူ ဆရာကြီးဇော်ဂျီ၏ နှစ် ၁၁၀ ပြည့်မွေးနေ့ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်းမတော်သံဈေးရှိ မြန်မာဘွတ်(ခ်)ပလာဇာ၌ ကျင်းပရာ စာပေချစ်မြတ်နိုးသူများ၊ စာရေးဆရာ၊ ကဗျာဆရာများ တက်ရောက်ကြသည်။**

"ဖြိုတိသျှကိုလိုနီခေတ်မှာ မယ်ဘွဲ့ မောင်ဘွဲ့တွေ ရေးတာများပါတယ်။ ဒီထဲမှာဆရာကြီးဇော်ဂျီကတော့ ထူးထူးခြားခြားကဗျာတစ်ပုဒ်ရေးခဲ့ပါတယ်။ အဲဒီကဗျာကတော့ ဒို့တိုင်းပြည်ဆိုတဲ့ ကဗျာဖြစ်ပါတယ်။ ဆရာကြီးက သူ့ကျွန်ဘဝရောက်နေတဲ့ မြန်မာလူမျိုးတွေကို နယ်ချဲ့ကို တွန်းလှန်ကြဖို့ လှုံ့ဆော်ရေးသားခဲ့တာပါ။ ဒီလိုခေတ်မှာ ဒီလိုကဗျာကို ရေးဝံ့တာ၊ ရေးရဲတာဆရာကြီးဇော်ဂျီ တစ်ယောက်ပဲ ရှိတယ်။ ဆရာကြီးဇော်ဂျီဟာ စာပေလောကမှာ ခေတ်စမ်းစာပေလောကကို ဦးဆောင်ခဲ့သူလည်းဖြစ်ပါတယ်။ စာကြည့်တိုက်စာပေ၊ ဘာသာပြန်စာပေ၊ ပြဇာတ်စာပေတွေကိုလည်း ရေးသားခဲ့သူဖြစ်ပါတယ်။ ဆရာဇော်ဂျီရဲ့စာပေကျေးဇူးက များပြားလှတဲ့အတွက် ဒီကနေ့ ဒီလိုအခမ်းအနားကို ကျင်းပရတာဖြစ်ပါတယ်"ဟု ဆရာဇော်ဂျီ၏ တပည့်ရင်းဖြစ်ခဲ့သူ အသက် ၉၉ နှစ်အရွယ်ရှိ ဆရာကြီး မင်းယုဝေက အမှတ်တရစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆရာကြီး၏ တပည့်များဖြစ်သော ဆရာဦးမြင့်ကြိုင်နှင့် ဆရာသစ္စာနီတို့ကလည်း အမှတ်တရစကားများပြောကြားပေးခဲ့သည်။

အခမ်းအနားတွင် ကဗျာဆရာများက ဆရာကြီး ဇော်ဂျီ ရေးသားခဲ့သော ကဗျာများကို ရွတ်ဆိုခြင်း၊ ကျောင်းသားလူငယ်လေးများအား ဆရာဇော်ဂျီ ကဗျာများရွတ်ဆို၍ ဆုများပေးခြင်းစသော ဆရာဇော်ဂျီနှင့် ပတ်သက်သော အကြောင်းအရာများ၊ အမှတ်တရများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆရာကြီးဇော်ဂျီကို ၁၉၀၇ ခုနှစ် မေ ၁၂ ရက်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့၌ မွေးဖွားခဲ့ကြောင်း၊ ဖျာပုံမြို့ဘုန်းတော်ကြီးကျောင်း၌ မူလတန်းပညာကိုသင်ကြားခဲ့ပြီး အင်္ဂလိပ်-မြန်မာအစိုးရအထက်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့ကြောင်း၊ ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် နာမည်ကျော် ပိတောက်ပန်းကဗျာကို ရေးဖွဲ့ခဲ့ကြောင်း သိရသည်။ ထို့အပြင် ရှေးဟောင်းကဗျာများမှ တွေးပုံတွေးနည်း၊ ရေးပုံရေးဟန်များကို အခြေခံ၍ အသစ်တီထွင်လမ်းခွဲထွက်ကာ မိမိခံစားရသည့်အမြင်ကို အလုပဆုံး၊ အထိမိဆုံးရေးဖွဲ့သည့် ကဗျာပုံစံသစ်ကို ရှာဖွေလမ်းဖောက်ခဲ့ကြောင်း၊ ထိုကာလက ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ ရေးသားသည့် ကဗျာများကို စုစည်းထုတ်ဝေသည့်အခါ ဦးဖေမောင်တင်က ခေတ်စမ်းကဗျာဟု ခေါ်ဝေါ်သမုတ်ခဲ့ရာမှ အသုံးတွင်ကျယ်လာပြီး ခေတ်စမ်းစာပေခေတ်ဟု နောင်သောအခါ မြန်မာစာပေလောကတွင် သမိုင်းမှတ်တိုင်တစ်ခုတည်ထောင်ခဲ့ကြောင်း သိရသည်။

ဆရာဇော်ဂျီ၏ လက်ရာများတွင် ဗေဒါလမ်းကဗျာစု၊ ပလေတိုနိဒါန်း၊ ရသစာပေအဖွင့်နိဒါန်း၊ မဟာဆန်ချင်သူပြဇာတ်အစရှိသော စာအုပ်များမှာ လူသိများထင်ရှားခဲ့ပြီး အသက် ၈၃ နှစ်အရွယ် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-မွန်မွန်**





**ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပြည်မြို့အဝေးပြေးဂိတ်ဝင်း၌ ခရီးသည်တင်ယာဉ်များအား သတ်မှတ်စည်းကမ်းချက်များနှင့် ပြည့်စုံကိုက်ညီမှု ရှိ/မရှိကို ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ က-ည-န ပူးပေါင်းအဖွဲ့က မေ ၈ ရက်က စစ်ဆေးစဉ်**

(ခရိုင် ပြန်/ဆက်)

# ရေတိုက်စားမှုကာကွယ်ရေး မြေထိန်းနံရံ ဆောက်လုပ်ပြီးစီး

**ထီးချိုင့် မေ ၉**

ထီးချိုင့်မြို့နယ်အနီး ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုမှုလျော့ကျစေရေးအတွက် အလုဆင် လက်ရန်းတန်းများပါဝင်သော ကျောက်စီမြေထိန်းနံရံ တမံလေးနေရာအား စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အောင်ရွှေထူးဝင်းကုမ္ပဏီက ခွင့်ပြုရန်ပုံငွေဖြင့် ထီးချိုင့်ဆိပ်ကမ်းသာယာလှပစေရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်း မြစ်ပြင်မြင့်တက်ပြောင်းလဲလာရာ မြို့နယ်ကျေးရွာများအချို့ရေတိုက်စားကမ်းပါးပြိုကျခြင်းကြောင့် ကျေးရွာလမ်းနေအိမ်များ ရွှေ့လျားပြောင်းရွှေ့လာသဖြင့် ထီးချိုင့်မြို့နယ် ပန်းရွှေဝါ ပိတောက်လှရပ်ကွက် ဉယျာဉ်ကုန်းချောင်းကျေးရွာခရိုင်ချင်းဆက်လမ်းနှင့် ဆက်စပ်လျက်ရှိသည့် ဧရာဝတီမြစ်ကမ်းပါးကမ်းပြို ကာကွယ်ရေးလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် ၁၄၀ ဒသမ ၁ သန်းဖြင့် အောင်ရွှေထူးဝင်းကုမ္ပဏီက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အတူ ပူးပေါင်း၍ ဆောက်လုပ်ခဲ့သည်။

ထိုကဲ့သို့ ဆောက်လုပ်ရာတွင် ကျောက်စီမြေထိန်းနံရံပေ ၁၂၀၊ ကျောက်စီတမံနှင့်ကျောက်စီနံရံတည်ဆောက်ခြင်း ပေ ၃၅၀ အပါအဝင် လမ်းသားမြှင့်တင်ကျောက်ရိုးစီခြင်း၊ သဲမွှေ့ရာချခြင်းတို့ကို အပိုင်းလေးပိုင်းခွဲ၍ ကုမ္ပဏီတာဝန်ခံများနှင့် ထီးချိုင့်မြို့နယ်တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ၂၇-၁-၂၀၁၇ ရက်နေ့က စတင်ဆောက်လုပ်ခဲ့ရာ ၅-၄-၂၀၁၇ ရက်တွင် လုပ်ငန်းပြီးစီးအောင်မြင်ခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ရေကြည်မြို့နယ်၌ စက်ယန္တရားများဖြင့် ကျေးလက်လမ်းများ ဖောက်လုပ်

**ရေကြည် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေကြီး နှစ်မြုပ်ဒဏ်ခံရပြီး ကျေးရွာချင်းဆက်လမ်းမရှိသည့် တောင်လဟာကျေးရွာအုပ်စု၊ ဒယ်ကုန်းကျေးရွာမှ ရေကြည်-ဇရပ်လု ကျောက်ချောလမ်းမကြီးနှင့် ဆက်သွယ်သည့် အရှည်ပေ ၈၀၀၀ ကျော်ရှိသည့် ဒယ်ကုန်း-အုန်းပင်စုလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် စက်ယန္တရားများဖြင့် မြေသားလမ်းဖို့လျက်ရှိသည်။

ထိုသို့မြေသားလမ်းဖို့ဆောင်ရွက်မှုကို အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး(လ/ထညွှန်ကြားရေးမှူး) ဦးဇေယျာဇော်မျိုးတို့က ကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ တောင်လဟာအုပ်စု ဒယ်ကုန်းကျေးရွာ၌ လယ်သမားအများစုနေထိုင်ပြီး ယင်းလမ်းပေါက်သွားသဖြင့် ရေကြည်-ဇရပ်လု-ကျုံမရမ်း-ကျုံပျော်မြို့များအထိ အလွယ်တကူဆက်သွယ်သွားရောက်နိုင်မည်ဖြစ်သည်။ အဆိုပါလမ်းကို သပြေတော-အကျော်ကိုင်း-ကြို့ကုန်းကျေးရွာချင်းဆက်လမ်းနှင့်လည်း ဆက်သွယ်ကာ ငါးသိုင်းချောင်းမြို့အထိ အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇော် (ရွှေလီဦး)**

# ပြည်သူနှင့်အတူ

## ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာ ပူးပေါင်းပါဝင်

**ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ဟူသည် အများပြည်သူတို့ရဲ့ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်တာဖြစ်လို့ အခုလို ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံးတို့က ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာနဲ့ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။**

( နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁-၁-၂၀၁၇ ရက်နေ့ နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားမှ ကောက်နုတ်ချက်)

## မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံ

**ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံမို့လို့ တော်တော်မှ ရှုပ်ထွေးတဲ့ သိမ်မွေ့တဲ့ ကိစ္စလေးတွေကို ကျွန်မတို့ ကိုင်တွယ်ရပါတယ်။ ရင်ဆိုင်ရပါတယ်။ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုတာဟာ ကျွန်မတို့အတွက် အကျိုးရှိနိုင်တဲ့ အင်မတန်မှ ကျယ်ပြန့်တဲ့ သယံဇာတကြီးတစ်ခုပဲလို့ ကျွန်မတော့ ဒီလိုပဲမြင်ပါတယ်။ ကျွန်မတို့ မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံ ပိုပြီးတော့ တိုးတက်အောင်လို့၊ ပိုပြီးတော့ ကျွန်မတို့နိုင်ငံဖွံ့ဖြိုးအောင်လို့ ကျွန်မတို့လုပ်နိုင်မယ်ဆိုတာလည်း အဓိကယုံကြည်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)




မင်းသုဝဏ်နှင့် တရုတ်ပြည် ရေစက်စာအုပ်သစ် ဖြန့်ချိထုတ်ဝေသည့် အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ပြုအမှာစကားပြောကြားစဉ် ဓာတ်ပုံ-(ပြန်/ဆက်)

❀ ***ရှေ့ဖုံးမှ***

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ ရှေးဟောင်းနန်းတော်ပြတိုက် (Forbidden City) သို့ ရောက်ရှိကြပြီး ရှေးဟောင်းတရုတ်ဗိသုကာ ပညာရပ်များ၊ တရုတ်ရိုးရာလက်မှုပညာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**မြို့ရိုးဖြင့် ဝန်းရံထား**

ရှေးဟောင်းနန်းတော်ကြီးသည် ပေကျင်းမြို့၏ မြို့လယ်၌ တည်ရှိပြီး တရုတ်မင်မင်းဆက် (ခရစ်နှစ်- ၁၄၂၀) မှ မန်ချူးချင်မင်းဆက် (ခရစ်နှစ်- ၁၉၁၂) ထိတိုင်အောင် တရုတ်ဧကရာဇ်မင်းများ နှစ်ပေါင်း ၅၀၀ နီးပါးခန့် စိုးစံခဲ့သော နန်းတော်ဖြစ်သည်။ ရှေးဟောင်းနန်းတော်ကြီးတွင် အဆောင်ပေါင်း ၉၈၀ ရှိပြီး ၁၄၀၆ ခုနှစ်မှ ၁၄၂၀ ခုနှစ်အထိ ၁၄ နှစ်တိုင် တည်ဆောက်ခဲ့ရသည်။ ရှေးဟောင်းနန်းတော်ကို ၂၆ ပေ အမြင့်ရှိသော မြို့ရိုးဖြင့် ဝန်းရံထားပြီး ၁၇၁ ပေ ကျယ်ဝန်းသော မုခ်တံခါးများဖြင့် ခိုင်ခံ့စွာ ဆောက်လုပ်ထားသည်။ မင်းဆက်ပေါင်း ၂၄ ဆက် (မင်မင်းဆက်- ၁၄ ဆက်နှင့် ချင်မင်းဆက် ၁၀ ဆက်) နန်းစိုက်အုပ်ချုပ်ခဲ့သည့် နေရာဖြစ်ပြီး ရှေးဟောင်းနန်းတော်ကို ၁၉၂၅ ခုနှစ်တွင် ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် အစိုးရက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**အကြီးဆုံးအဆောက်အအုံဖြစ်**

ရှေးဟောင်းနန်းတော်ပြတိုက်တွင် မင်မင်းဆက်မှ ချင်မင်းဆက်တိုင်အောင် ခေတ်အဆက်ဆက် မင်းဧကရာဇ်နှင့် တော်ဝင်မိသားစုများ အသုံးပြုခဲ့သော နန်းစဉ်ရတနာများ၊ နန်းတွင်းအသုံးအဆောင်များ၊ ကြွေထည်များ၊ ပန်းချီကားများ၊ ကြေးထည်ပစ္စည်းများ၊ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော အသုံးအဆောင်များကို စုံလင်စွာပြသထားသည်။ တရုတ်ရိုးရာဗိသုကာပညာရပ်များဖြင့် တည်ဆောက်ထားသော အဆိုပါနန်းတော်ကြီးသည် ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ နေရာတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရပြီး ကမ္ဘာပေါ်တွင် သစ်သားဖြင့် ပြုလုပ်သော အကြီးဆုံးရှေးဟောင်းအဆောက်အအုံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရှေးဟောင်းနန်းတော်ပြတိုက်သို့ နှစ်စဉ်လာရောက်ကြည့်ရှုလေ့လာသူပေါင်း ၁၄ သန်းကျော်ရှိပြီး ကမ္ဘာပေါ်တွင် ခရီးသွားဧည့်သည် အများဆုံးလာရောက်လေ့လာသည့် နေရာတစ်ခုအဖြစ် စံချိန်တင်ထားကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Great Wall)သို့ ရောက်ရှိကြပြီး ရှေးခေတ်ဗိသုကာလက်ရာများကို ကြည့်ရှုလေ့လာကြသည်။

တရုတ်နိုင်ငံရှိ ကမ္ဘာကျော် မဟာတံတိုင်းကြီး(Great Wall)သည် ကမ္ဘာ့အံ့ဖွယ်ခုနစ်ခုထဲမှ တစ်ခုဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဒေသဖြစ်ပြီး နှစ်စဉ်ခရီးသွားဧည့်သည် အများအပြား လာရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်သည်။

**မပျက်စီးဘဲ ထိန်းသိမ်းထားနိုင်**

မဟာတံတိုင်းကြီးကို တရုတ်အင်ပါယာ၏ မြောက်ဘက်နယ်စပ်ကျူးကျော်ရန်ကို ကာကွယ်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သဲကန္တာရ၊ တောအထပ်ထပ်နှင့် တောင်အသွယ်သွယ်ကို ခက်ခဲစွာကျော်ဖြတ်ဖောက်လုပ်ခဲ့သည်။ လူသားတို့ ဖန်တီးတည်ဆောက်ခဲ့သော အဆောက်အအုံများထဲတွင် အရှည်လျားဆုံးဖြစ်သည်။ ခရစ်နှစ် ၂၂၁ ခုနှစ်တွင် နန်းတက်သော ချင်စွပ်ဘုရင်လက်ထက်တွင် မဟာတံတိုင်း (Great Wall)ကို အရှည်ကီလိုမီတာ ၅၀၀၀ ကျော်အထိ တိုးချဲ့တည်ဆောက်ခဲ့သည်။ ထို့နောက် ချောင်ခတ်၊ မင်ခေတ်မင်းဆက်များက မဟာတံတိုင်းအား အဆက်မပြတ်ပြုပြင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ယနေ့တိုင် မပျက်စီးဘဲ ထိန်းသိမ်းထားနိုင်သည့် မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းအများစုသည် ၁၄ ရာစု မင်မင်းဆက်လက်ထက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ မြန်မာသံရုံးသို့ ရောက်ရှိကြပြီး သံရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် Huawei ကုမ္ပဏီမှ တာဝန်ရှိသူများအား ခေတ္တတည်းခိုသည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် မင်းသုဝဏ်နှင့်တရုတ်ပြည်ရေစက်စာအုပ်သစ် ဖြန့်ချိထုတ်ဝေသည့် အခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါစာအုပ်ကို တရုတ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေထားပြီး စာအုပ်ထဲတွင် ဆရာကြီးမင်းသုဝဏ်ရေးသားထားသည့် တရုတ်ပြည်ခရီးစဉ်ဆောင်းပါးများ၊ ဆရာကြီးမင်းသုဝဏ် ဘာသာပြန်ခဲ့သော တရုတ်စာပေလက်ရာများနှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်းအရာများ ပါဝင်ကြောင်းသိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့်အဖွဲ့ဝင်များ ရှေးဟောင်းနန်းတော်ပြတိုက်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် ဓာတ်ပုံ-(ပြန်/ဆက်)

# သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ်ရထား ခေါက်ရေတိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် မေ ၉**

မြန်မာ့မီးရထားအနေဖြင့် ယခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအဆင်ပြေစေရန် မြို့ပတ်ရထားခုနစ်ဆိုင်းဖြင့် ယခင်နှစ် သင်္ကြန်ကာလထက် ခေါက်ရေတိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

"ဒီနှစ် သင်္ကြန်မှာတော့ မြန်မာ့မီးရထားအနေနဲ့ မြို့ပတ်ရထားကို အရင်နှစ်သင်္ကြန်ထက် ခေါက်ရေတိုးချဲ့ပြေးဆွဲပေးသွားမှာပါ။ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူတွေအဆင်ပြေဖို့ အရင်နှစ်ကထက် ငါးခေါက်လောက်အထိပိုပြီး တိုးချဲ့ပြေးဆွဲပေးသွားဖို့ စီစဉ်နေပါတယ်။ သင်္ကြန်ကာလတွင်း မြို့ပတ်ရထားစုစုပေါင်းခုနစ်ဆိုင်း ပြေးဆွဲပေးသွားမှာပါ။ လတ်တလော ရန်ကုန်မြို့တွင်း ခရီးသွားလာမှုအနေနဲ့ မြို့ပတ်ရထားကိုစီးတဲ့ခရီးသည်ကတော့ YBS စတင်ပြောင်းလဲပြေးဆွဲမှုနောက်မှာ တိုးလာတဲ့အခြေအနေတွေ့ရပါတယ်" ဟု မြန်မာ့မီးရထားတိုင်းအမှတ်(၇)သွားလာပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့တွင်း လတ်တလော ပုံမှန်ပြေးဆွဲနေသောရထားတွဲဆိုင်းမှာ ၂၅ ဆိုင်းရှိပြီး နေ့စဉ်ခေါက်ရေ ၂၂၀ ပြေးဆွဲပေးလျက်ရှိသည်။ သင်္ကြန်ကာလတွင်း ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအဆင်ပြေစေရန်အတွက် ယခင်ပုံမှန်ပြေးဆွဲပေးနေသောတွဲဆိုင်းများထဲမှ ခုနစ်ဆိုင်းကို ရပ်နားမှုမရှိဘဲ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ကျန်မြို့ပတ်ရထားတွဲဆိုင်း ၁၈ ဆိုင်း၊ ခေါက်ရေ ၁၄၇ ခေါက်ကို သင်္ကြန်ကာလတွင်းဖြစ်သည့် မေ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရပ်နားသွားမည်ဖြစ်သည်။ ယခင်နှစ်သင်္ကြန်ကာလတွင် မြို့ပတ်ရထား နေ့စဉ်ခေါက်ရေ ၆၉ ခေါက်ပြေးဆွဲခဲ့သော်လည်း ယခုနှစ်သင်္ကြန်ကာလတွင် ခေါက်ရေတိုးကာ ၇၃ ခေါက်ထိ ပြေးဆွဲပေးမည်ဖြစ်သည်။

ယခုနှစ် သင်္ကြန်ကာလတွင် ရန်ကုန်မြို့တွင်းပြေးဆွဲပေးမည့် မြို့ပတ်ရထားများမှာ ငစိန်၊ စပယ်၊ စင်ရော်၊ သရက်၊ နှင်းဆီ၊ မင်းသားနှင့် ဇာ-၅ မြို့ပတ်ရထားခုနစ်ဆိုင်းမှ သင်္ကြန်ကာလတွင်း နေ့စဉ်ခေါက်ရေ ၇၃ ခေါက်ပြေးဆွဲပေးမည်ဖြစ်သည်။ သင်္ကြန်ကာလ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးမည့် မြို့ပတ်ရထား ငစိန်(င) တွဲဆိုင်းမြို့ပတ်ရထား ၁၆ စင်း၊ စပယ်(စ) တွဲဆိုင်း ၁၃ စင်း၊ စင်ရော်(ဇ) တွဲဆိုင်းကိုးစင်း၊ သရက်(သ) တွဲဆိုင်းကိုးစင်း၊ နှင်းဆီ(န)တွဲဆိုင်း ၁၀ စင်း၊ မင်းသား(မ)တွဲဆိုင်း ၁၂ စင်းနှင့် ဇာ-၅ တွဲဆိုင်းလေးစင်း ပြေးဆွဲပေးမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ပြေးဆွဲပေးမည့် ငစိန်(င)တွဲဆိုင်းမှာ ရန်ကုန်- အင်းစိန်- မင်္ဂလာဒုံ- ပုရွက်ဆိတ်ကုန်း လက်ဝဲရစ် ပြေးဆွဲပေးမည်ဖြစ်ပြီး လက်ယာရစ်အဖြစ် ရန်ကုန်- အင်းစိန်နှင့် လှော်ကားခရီးစဉ်တို့ကို ပြေးဆွဲပေးမည်ဖြစ်သည်။ စပယ်(စ)တွဲဆိုင်း၊ စင်ရော်(ဇ)တွဲဆိုင်းနှင့် သရက် (သ) တွဲဆိုင်းတို့ကိုလည်း လက်ဝဲရစ် အနေဖြင့် ရန်ကုန်- အင်းစိန်- မင်္ဂလာဒုံ၊ လက်ယာရစ်အဖြစ် ရန်ကုန်- အင်းစိန်နှင့် လှော်ကားကို ပြေးဆွဲပေးမည်ဖြစ်သည်။ နှင်းဆီ(န) တွဲဆိုင်းကို ရန်ကုန်- တိုးကြောင်ကလေး- ဒဂုံတက္ကသိုလ်- အုပ်ဖိုစု ခရီးစဉ်ပြေးဆွဲပေးမည်ဖြစ်ပြီး မင်းသား(မ)တွဲဆိုင်းကို ရန်ကုန်- တိုးကြောင်ကလေး- အရှေ့ပိုင်းတက္ကသိုလ်နှင့် ရွာသာကြီးခရီးစဉ်တို့ကို ပြေးဆွဲပေးမည်ဖြစ်သည်။ ဇာ-၅တွဲဆိုင်းကိုလည်း ယခင်မူလလမ်းကြောင်းအတိုင်း ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်ဘူတာကြီးမှ တိုးကြောင်ကလေးသို့ ပြေးဆွဲနေသောရထားကို တွေ့ရစဉ်

ယခုအခါ ရန်ကုန်မြို့ပတ်ရထားတွင် ခရီးသည်လိုက်ပါစီးနင်းမှုအနေဖြင့် ရန်ကုန်မြို့တွင်း YBS ယာဉ်လိုင်းများ မပြောင်းလဲမီက ခရီးသည်ခုနစ်သောင်းကျော်လိုက်ပါစီးနင်းခဲ့သော်လည်း YBS ယာဉ်လိုင်းများ ပြောင်းလဲပြီးနောက်ပိုင်းတွင် မြို့ပတ်ရထားခရီးသည်လိုက်ပါစီးနင်းမှုမှာ ပိုမိုများပြားလာပြီး တစ်ရက်ပျမ်းမျှခရီးသည် ကိုးသောင်းကျော်အထိ များပြားလာသည်။ လက်မှတ်ခကောက်ခံမှုအပိုင်းကိုလည်း ယခင်ဈေးနှုန်းများကိုပြောင်းလဲ၍ ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းပိုင်းမှစတင်ကာ မိမိစီးနင်းလိုက်ပါသည့် ခရီး ၁၅ မိုင် အတွင်းငွေကျပ် ၁၀၀ နှင့် ၁၅ မိုင်ကျော်လွန်ပါက ငွေကျပ် ၂၀၀ နှုန်းသို့ လျှော့ပေါ့ပြောင်းလဲကောက်ခံခဲ့ကြောင်းနှင့် သင်္ကြန်ကာလတွင်လည်း မူလဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ ကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မြစ်ကမ်းပြိုမှု ထိန်းသိမ်းကာကွယ်နိုင်ရေး သံကူကွန်ကရစ်ဘိုးပိုင် ကျောက်စီမြေထိန်းနံရံများ အချိန်မီတည်ဆောက်

**ညောင်တုန်း မေ ၉**

ညောင်တုန်းမြို့ ၂၁ လမ်းမြစ်ကမ်း၌ ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့၏ ရေစီးကြောင်းများ ပြောင်းလဲလာခြင်း၊ ရေကြောင်းများထိုးခြင်း၊ ရေနက်အိုးများဖြစ်တည်နေခြင်းတို့ကြောင့် ဖေဖော်ဝါရီ ၇ ရက်က စတင်ကွဲအက်နိမ့်ကျကာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒုတိယအကြိမ် ထပ်မံကွဲအက်နိမ့်ကျ၍ ဆက်တိုက်ကွဲအက်နိမ့်ကျမှုများဖြစ်ပေါ်ခဲ့သဖြင့် မြို့လူထုမှာ မြစ်ကမ်းအတွက် စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်ခဲ့ကြသည်။

မကြာမီ မိုးရာသီသို့ရောက်ရှိတော့မည်ဖြစ်ရာ မိုးရွာ၍ မြစ်ရေတက်လာလျှင် မြစ်ကမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သဖြင့် ညောင်တုန်းမြို့မှ ပြည်သူများ စိုးရိမ်ပူပန်နေကြခြင်းဖြစ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၏ စီစဉ်ဆောင်ရွက်ပေးချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။



ယခုအခါ အဓိကအရေးကြီးပြီး စိုးရိမ်ရသော ညောင်တုန်းမြို့ ၂၁ လမ်းမြစ်ကမ်း၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုးပိုင်များ စတင်တည်ဆောက်လျက်ရှိပြီဖြစ်သည်။ ၂၁ လမ်းမြစ်ကမ်း၌ သံကူကွန်ကရစ်ဘိုးပိုင် ၇၂ တိုင် တည်ဆောက်လျက်ရှိပြီး အလျားပေ ၂၅၀ ကျောက်စီကမ်းထိန်းနံရံပါ တည်ဆောက် သွားမည်ဖြစ်သည်။ ထို့အပြင် ညောင်တုန်းမြို့၂၄ လမ်းမှ ၂၇ လမ်းအထိ မြစ်ကမ်းတစ်လျှောက်တွင်လည်း သံကူကွန်ကရစ်ဘိုးပိုင်များနှင့် ကျောက်စီကမ်းထိန်းနံရံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဓါပုံ)**

မိုးရာသီမရောက်မီ၊ မြစ်ရေမတက်မီ မြစ်ကမ်းပြို ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ အမြန်ပြီးစီးစေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

# သင်္ကြန်အကြိုကာလ ဆူညံဆိုင်ကယ်အိတ်ဇောများဖြင့် မောင်းနှင်သူများအား တားဆီးအရေးယူ

**ကသာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ယာဉ်စည်းကမ်းနှင့် မညီညွတ်သော ဆူညံအိတ်ဇောဖွင့် ဆိုင်ကယ်မောင်းနှင်သူများကိုတားဆီးပြီး ဆိုင်ကယ်အိတ်ဇောအသစ်လဲလှယ်တပ်ဆင်စေခြင်းကို မေ ၇ ရက် နံနက် ၁၀ နာရီက ကသာမြို့ လမ်းမတော်လမ်းမကြီး၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်္ကြန်အကြိုကာလ ဆိုင်ကယ်အိတ်ဇောဖွင့်၍ ဆူညံစွာမောင်းနှင်ကြသူများကို ကသာမြို့မရဲစခန်းမှူး ဒုရဲမှူး လှဦးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု အမှတ်(၁၀၆) မှ ဒုရဲမှူးရန်နိုင်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆိုင်ကယ်အိတ်ဇောသံ ဆူညံစွာ မောင်းနှင်လာသူများအား တားဆီးကာ ဆိုင်ကယ်အိတ်ဇောအသစ်လဲလှယ်တပ်ဆင်စေခြင်း၊ ဆိုင်ကယ်အတွင်း တုတ်၊ ဓား လက်နက်ရှာဖွေသိမ်းဆည်းခြင်းနှင့် ၎င်းတို့အား အသိပညာပေးဟောပြောခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဖိုးနိုင် (ကသာ)**

● *ကျောဖုံးမှ*

ဝေဝေအောင်၊ စန်းစန်းမော်၊ နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ လှယဉ်ဝင်း၊ ရူပါနိုင်၊ ခင်မို့မို့ထွန်း၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း စင်ကာပူ၏ ခံစစ်ကစားပုံကြောင့် ပထမပိုင်းတွင် နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် လှယဉ်ဝင်း၊ မိနစ် ၄၀တွင် ဝေဝေအောင်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အနိုင်ဂိုးများကို လူစားဝင်ကစားသမားများဖြစ်သော ဝင်းသီဂီထွန်းက ၅၈ မိနစ်နှင့် ၈၈ မိနစ်တွင် နှစ်ဂိုး၊ ရီရီဦးက မိနစ် ၇၀ တွင် တစ်ဂိုးသွင်းယူခဲ့ကာ ကျန်တစ်ဂိုးကို အသင်းခေါင်းဆောင် ဝေဝေအောင်က ၇၉ မိနစ်တွင် သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန်အဆုံးအဖြတ်ပွဲအဖြစ် မေ ၁၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

# ရေကြည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**ရေကြည် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည်မြို့ပြည်သူ့ခန်းမ၌ မေ ၉ ရက်က ရေကြည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၏လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေးအတွေ့အကြုံများ၊ ပြည်သူများလိုအပ်ချက်များနှင့် ကျန်းမာရေးကိစ္စများကိုဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်က လွှတ်တော်အတွေ့အကြုံများ၊ ပြည်သူများလိုအပ်ချက်နှင့် ပြည်သူတို့၏တိုင်ကြားစာကော်မတီအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က တိုင်းဒေသကြီးလွှတ်တော်အတွေ့အကြုံများနှင့် ဒေသအတွင်း ဆောင်ရွက်ချက်၊ လိုအပ်ချက်များ ဆွေးနွေးပြီး တက်ရောက်လာကြသူများက မြို့နယ်အတွင်းလိုအပ်ချက်များ မေးမြန်းဆွေးနွေးတင်ပြခြင်းတို့ အပြန်အလှန်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆွေးနွေးရာတွင် မဲဆန္ဒရှင်ပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်သည်နှင့်အညီ လယ်သမားများအတွက် နှစ်ရှည်ချေးငွေစနစ်ပေါ်ထွန်းရေး၊ သီးနှံဈေးခိုင်မာစေရေး၊ တာတမံများကောင်းမွန်ကြံ့ခိုင်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ မြေကြီး မြေပုံ မှန်ကန်စေရေး စသည်တို့ကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း မဲဆန္ဒရှင်လယ်သမားတစ်ဦးက ပြောသည်။

**သိန်းဇော်(ရွှေလီဦး)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# သဘာဝဘေးကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ထိရောက်စွာဖော်ဆောင်ပေးနိုင်ရေး ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၉**

သဘာဝဘေးကိုတုံ့ပြန်ရန် အစဉ်အမြဲအသင့်ဖြစ်နေစေရေး၊ သဘာဝဘေးနှင့်ပတ်သက်၍ ဘေးဒဏ်ခံနိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်စေရေး၊ ယခင်နှစ် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုများကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ကြိုတင်ပြင်ဆင်မှု အပိုင်းကို အလေးထားပြီး ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်စေရေးပြည်သူ၏လိုအပ်ချက်များကို သိရှိဖော်ဆောင်ပေးနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးသို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့မွန်းလွဲပိုင်းက သာပေါင်းမြို့နယ် မအူပင်ဒေါင့်ကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရပ်ရွာလူထုနှင့်တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေသန့်စက်သုံးလုံးတပ်ဆင်ရန်နှင့် အုတ်ရေတွင်းတူးဖော်ရန် ထောက်ပံ့ငွေများကိုပေးအပ်သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် သာပေါင်းမြို့နယ် ဘုရားနီကျေးရွာရှိ နန္ဒာရာမကျောင်း၌ ရပ်ရွာလူထုနှင့်တွေ့ဆုံကာ သဘာဝဘေးကြိုတင်ကာကွယ်မှုလုပ်ငန်းများတွင် ပြည်သူများအတူတကွ ပါဝင်ကြရန် တိုက်တွန်းပြောကြားပြီး လတ်တလော လိုအပ်ချက်ဖြစ်သော အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် စာသင်ခုံများဝယ်ယူရန် ငွေကျပ် ၁၅ သိန်း၊ ဘုရားနီကျေးရွာနှင့် စစ်ပင်ကွင်းကျေးရွာတို့တွင် ဘက်စုံသုံးအဆောက်အအုံ (School Cum Shelter) တစ်လုံးစီ ဆောက်လုပ်ရန် ငွေကျပ် သိန်း ၂၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး နန္ဒာရာမကျောင်း ဆရာတော်အား ဖူးမြော်၍ အလှူငွေကျပ် တစ်သိန်း လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာသို့ သွားရောက်၍ အဆိုပါ ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရပ်ရွာလူထုနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေး အခက်အခဲကို ဖြေရှင်းနိုင်ရန် နန်းတော်ကျွန်းကျေးရွာနှင့် အေးရွာဆက်သွယ်သောကွန်ကရစ် လမ်းခင်းခြင်းအတွက် ငွေကျပ် သိန်း ၇၀၊ ရေကြီးကာလတွင် ရေနစ်မြုပ်သည့် သုသာန်နေရာ၌ မီးသင်္ဂြိုဟ်ရာတွင် အသုံးပြုရန် အင်္ဂတေခုံပြုလုပ်နိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ခရီးစဉ်အတွင်းပြည်ထောင်စုဝန်ကြီးသည် ကျေးရွာများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရပ်ရွာလူထု၏ တင်ပြချက်၊ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆေးတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အဖွဲ့ ဒီမောဆိုမြို့နယ်သို့ ရောက်ရှိ



**ဒီမောဆို မေ ၉**

မြန်မာနိုင်ငံဆေးတက္ကသိုလ် ခြေလျင် နှင့် တောင်တက်အသင်းမှ ဥက္ကဋ္ဌ ဒေါက်တာချစ်စိုးနှင့် အတွင်းရေးမှူး ဒေါက်တာလဲ့လဲ့ဌေး ခေါင်းဆောင်သော ရန်ကုန်ဆေးတက္ကသိုလ် (၁)နှင့် (၂)၊ မန္တလေးဆေးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်နှင့် ရန်ကုန်သူနာပြုကျောင်းမှ ဆေးကျောင်းသား ကျောင်းသူ ၁၉၀ တို့သည် မေ ၈ ရက်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် နန်းဖယ်ခုံတိုက်နယ်သို့ ညအိပ်ခရီးအဖြစ် ရောက်ရှိခဲ့သည်။

ယင်းမြန်မာနိုင်ငံဆေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းသည် ဖရူဆိုမြို့နယ် သဘာဝထီးဖရူနူလိုဏ်ဂူနှင့် ဒီမောဆိုဈေးသို့ သွားရောက်လေ့လာခဲ့ကြပြီး ဒီမောဆိုမြို့နယ် ဆင်မတောင်သို့ ခြေလျင်တက်ရောက်ခဲ့သည့်အပြင် ဆင်တောင် ရေထွက်ပေါက်ဖြစ်သော ရေပြာအိုင်ကိုလည်း သွားရောက်လေ့လာခဲ့ကြသည်။ ထို့နောက် နန်းဖယ်ခုံတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများကို အခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း၏ ဆေးတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများသည် နေ့လယ်ပိုင်းတွင် ဒီမောဆိုမြို့နယ် ငွေတောင်ဆည်နှင့် ထီးပွင့်ကန်သို့ သွားရောက်လေ့လာခဲ့ကြကြောင်းနှင့် မေ ၁၀ ရက် နံနက် ၆ နာရီတွင် လွိုင်နန်းဖတောင်သို့ တက်ရောက်ရန်အတွက် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဒေါက်တာချစ်စိုးက ပြောကြားသည်။

မြန်မာနိုင်ငံ ဆေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းကို "စည်းလုံး၊ ကြံ့ခိုင်၊ ချစ်ခင်၊ ပျော်ရွှင်" ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းခဲ့သည့်နှစ်မှစ၍ ယနေ့အချိန်အထိ ကချင်ပြည်နယ် ဖုန်ကန်ရာဇီရေခဲတောင်၊ ချင်းပြည်နယ် ဝိတိုရိယတောင်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဆင်တောင်နှင့် မြင်းမထိတောင်၊ မိုးကုတ်မြို့နယ် ဆင်တောင်နှင့် အုံ့ဖွယ်တောင်၊ မကွေးတိုင်းဒေသကြီး ပုပ္ပားတောင် စသည့်တောင်ခုနစ်လုံးကို တက်ရောက်ခဲ့ပြီး ယနေ့ ဒီမောဆိုမြို့နယ် ဆင်မတောင်နှင့် လွိုင်နန်းဖတောင် အပါအဝင် စုစုပေါင်း တောင်ကိုးလုံးကို တက်ရောက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာအသစ်သို့ ပြောင်းရွှေ့မည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့

**ဗန်းမော် မေ ၉**

ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာအသစ်သို့ ပြောင်းရွှေ့မည့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်းရှိ ရေနီကျေးရွာနှင့် ကံသာကျေးရွာတို့မှ မိသားစုဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို မေ ၈ ရက်က ရေနီကျေးရွာအုပ်စု ရေနီကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး ဒေါက်တာဂျေကော့ဘူတို့အား အမှူးထား၍ ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ရေနီကျေးရွာအတွက် ဆန်အိတ် ၆၀၊ ကံသာကျေးရွာအတွက် ဆန် ၂၆ အိတ်နှင့် အနွေးထည်အင်္ကျီများ၊ ကျောင်းသုံးဗလာစာအုပ်များကို ဝန်ကြီး ဒေါက်တာသင်းလွင်က လည်းကောင်း၊ ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်းက ရေနီကျေးရွာမှ ကမ်းပါးပြိုပြောင်းရွှေ့အိမ်ခြေ ၁၄၈ လုံး အတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးအဖြစ် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၄၈ သိန်းကို လည်းကောင်း၊ အိမ်ထောင်စု ၁၇၃ စုမှ လူဦးရေ ၉၀၀ အတွက် ဆန် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၁၈ သိန်း ၉ သောင်းခန့် တို့ကို လည်းကောင်း၊ အိမ်ထောင်စု ၁၇၃ စုအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၆၆ သိန်း ၉ သောင်းခန့်ကို လည်းကောင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေးက ကံသာကျေးရွာမှ ကမ်းပါးပြို ရွှေ့ပြောင်းအိမ်ခြေ ၇၇ လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးအဖြစ် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၇၇ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# တမူးမြို့မှ အိန္ဒိယသို့ ယခင်နှစ်ကထက် ယခုနှစ် ငါးကျပ်တင်ခြောက် ၁၀ တန် ပိုမိုတင်ပို့နိုင်ခဲ့

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်ပငါးတင်ပို့မှုမှာ တမူးမြို့နယ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ငါးကျပ်တင်ခြောက်တင်ပို့မှုသာရှိရာ ယခင် ၂၀၁၅-၂၀၁၆ ခုနှစ်ကထက် ယခု ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ငါးကျပ်တင်ခြောက် ၁၀ တန်ခန့် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



"ရေထွက်ပစ္စည်း ပြည်ပရောင်းချမှုအနေနဲ့ တမူးမြို့နယ်ကို ဝင်ရောက်လာတဲ့ ရေထွက်ပစ္စည်းတွေကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ကြီးကြပ်ပြီး အိန္ဒိယနိုင်ငံကို တင်ပို့နေတာပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၂၈ ဒသမ ၃၅ သန်း တန်ဖိုးရှိတဲ့ ငါးကျပ်တင်ခြောက် တန် ၃၀ ကို တင်ပို့နိုင်ခဲ့ပါတယ်။ပြီးခဲ့တဲ့နှစ်ကထက် အခုနှစ်မှာ ၁၀ တန်ပိုပြီး တင်ပို့ နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က တန် ၂၀ တင်ပို့တာ ကျပ် ၁၈ ဒသမ ၉၀ သန်း ရရှိခဲ့ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ရောက်လာတဲ့ ရေခဲငါးကတော့ ပြည်ပပို့တာ မရှိပါဘူး"ဟု ၎င်းကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေချိုငါးမျိုးစုံဝင်ရောက်ရာတွင် ရန်ကုန်၊ မန္တလေး၊ ရွှေဘို၊ မုံရွာဒေသတို့မှ ဝင်ရောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြစ်ကြီးနား၊ မန္တလေး၊ တမူး၊ ချင်းပြည်နယ်တို့သို့ တင်ပို့ပေးရကြောင်း သိရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးသို့ ရေချိုငါးဝင်ရောက်မှု ၁၁၃၉၄၅ ပိဿာရှိရာ ရန်ကုန်မှ ရွှေဘိုသို့ ရေချိုငါး ၇၂၀၂၅ ပိဿာဖြင့် အများဆုံးဝင်ရောက်သလို ရန်ကုန်နှင့် ရွှေဘိုတို့မှ မုံရွာခရိုင် သို့ ရေချိုငါး ၂၂၉၅၀ ပိဿာ ဝင်ရောက်မှုသည် ဒုတိယအများဆုံး ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရွှေဘိုခရိုင်မှ မြစ်ကြီးနာသို့ ၆၈၂၀၀ ပိဿာတင်ပို့မှုသည် အများဆုံးဖြစ်ပြီး မုံရွာခရိုင်မှ တမူးခရိုင်သို့ ၁၁၄၀၀ ပိဿာတင်ပို့မှုသည် ဒုတိယအများဆုံး တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ စီမံကိန်းငါးထုတ်လုပ်မှုအနေဖြင့် မွေးမြူရေးငါး ၁၂၆၂၃ ဒသမ ၈၂ ပိဿာ ထုတ်လုပ်နိုင်ခဲ့သလို အင်းငါး ၂၆၉၀၈ ဒသမ ၁၂ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပြီး ဘုံငါးအနေဖြင့် ၄၂၄၅၇ ဒသမ ၇၈ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မန္တလေးတိုင်းဒေသကြီး၌ သင်္ကြန်ကာလအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၄၀၀ ကျော် တာဝန်ချထားမည်

မလှိုင် မေ ၉

**မဟာသင်္ကြန်ကာလအတွင်း မန္တလေးတိုင်းဒေသကြီး၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ ယာဉ် ထိန်းရဲတပ်ဖွဲ့ဝင် ၄၀၀ ကျော် တာဝန်ချဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အထက်မြန်မာပြည် မန္တလေး အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့(ခွဲ)မှူးရုံးမှ သိရသည်။**

"ဒီနှစ် မဟာသင်္ကြန်ကာလမှာ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ပျော်ပျော်ရွှင်ရွှင် ရေကစားလည်ပတ်နိုင်ဖို့ ယာဉ် ထိန်းရဲတပ်ဖွဲ့ဝင် ၄၀၀ ကျော်ကို အချိန်ပြည့်တာဝန်ချထားပေးသွားမှာပါ" ဟု ဒုတိယရဲမှူးကြီးကံသိန်းက ပြောသည်။

မန္တလေးမြို့၌ ယခင်နှစ်က ကျုံးပတ်လည်တွင် ရေကစားလည်ပတ်ကြသော ပြည်သူများဖြင့် စည်ကားခဲ့သော်လည်း ယခုနှစ်တွင် မန္တလေးကျုံးပတ်လည်သာမက ကန်တော်ကြီး၊ တောင်သမန်အင်း၊ မနော်ရမ္မကွင်း စသည့်နေရာများ အပါအဝင် မြို့နယ်များ၌ မဏ္ဍပ်များ ခွင့်ပြုချထားပေးမည်ဖြစ်ပြီး ပြည်သူများ မလိုလားအပ်သော ယာဉ်မတော်တဆမှုများ မဖြစ်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် အင်အားတိုးမြှင့် ချထားပေးမည်ဖြစ်ရာ ပူးပေါင်းအဖွဲ့များဖြင့် လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်သည်။ မန္တလေး သင်္ကြန်ကာလအတွင်း ၂၀၁၆ ခုနှစ်က ယာဉ်တိုက်မှုပေါင်း ၄၅ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၆၃ ဦး၊ သေဆုံးသူ ၁၅ ဦး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၅၅၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း အမှတ် (၃) ယာဉ်ထိန်းတပ်ဖွဲ့(ခွဲ)မှ ဒုတိယရဲမှူးကြီး ကံသိန်းက ဆက်လက်ပြောပြသည်။

ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း မန္တလေးကျုံးပတ်လည်တွင် ၆၆ လမ်းမှ ၁၂ လမ်းအထိ တစ်လမ်းမောင်း၊ ၁၂ လမ်းမှ လမ်း ၈၀ အထိ တစ်လမ်းမောင်းစနစ်၊ လမ်း ၈၀မှ ၂၆ လမ်းအထိ တစ်လမ်းမောင်းစနစ်၊ ၂၆ လမ်းမှ ၇၈ လမ်း အထိ တစ်လမ်းမောင်းစနစ်ကို သတ်မှတ်မည်ဖြစ်ကာ မဟာသင်္ကြန်ကာလအတွင်း မန္တလေး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၄၀၀ ကျော်သည် ပြည်သူများ ယာဉ်မတော်တဆမှုမဖြစ်ပွားစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မကွေးတိုင်းဒေသကြီးအတွင်း ဆိုင်ကယ်မြို့ဝင်ကြေး ဘီးခွန်ကောက်ခံမှု သင်္ကြန်မတိုင်မီ ရပ်ဆိုင်းမည်

**မကွေး မေ ၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် ဆိုင်ကယ်မြို့ဝင်ကြေး ဘီးခွန်ကောက်ခံနေမှုကို မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်မတိုင်မီ ရပ်ဆိုင်းပေးတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်းထံမှ သိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မြို့ဝင်ကြေးကောက်ခံသည့်ဂိတ်များတွင် ဆိုင်ကယ်ဘီးခွန်ကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ဖေဖော်ဝါရီ ၂၀ ရက်က တင်ပြခဲ့ပြီးနောက်ပိုင်း အများပြည်သူ လိုလားနေသော ဆုံးဖြတ်ချက်တစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်သည်။

"မေ ၈ ရက်က မြို့ဝင်ကြေးဂိတ်တွေမှာ ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၁၀၀ ကောက်ခံနေတာကို ရပ်ဆိုင်းဖို့ တိုင်းဒေသကြီးစည်ပင်ကို ညွှန်ကြားချက်ထုတ်လိုက်ပါပြီ"ဟု တိုင်းဒေသကြီး ဝန်ကြီး ဦးဇော်မင်းက အတည်ပြုပြောကြားသည်။



ဘီးခွန်ကောက်ခံနေမှု ရပ်ဆိုင်းလိုက်သော်လည်း တစ်နှစ်စာ ဆိုင်ကယ်ဘီးခွန်အဖြစ် ၂၀၀၀ ကောက်ခံခြင်းကို ဆက်လက်ပေးဆောင်ကြရန်နှင့် ရရှိလာသည့်အခွန်ငွေများအား အလေအလွင့်နည်းရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးကျော်က ဆိုသည်။

"ကိုယ့်မြို့ထဲ ကိုယ်ပြန်ဝင်တာတောင် မြို့ဝင်ကြေး ပေးနေရတဲ့ မကျေနပ်ချက်တွေကတော့ ကြာပါပြီ။ ပြောလည်း မထူးပါဘူးဆိုပြီး နေလာခဲ့ရတာ။ အခုလို ဆောင်ရွက်ချက်အပေါ်မှာတော့ လွှတ်တော်ကိုယ်စားလှယ်တွေကိုရော၊ အစိုးရအဖွဲ့ကိုပါ ကျေးဇူးတင်ပါတယ်။ နေ့စဉ်နဲ့အမျှ အများပြည်သူ ဝင်ထွက်သွားလာနေတဲ့ ကားကြီးဝင်း အပေါက်ဝတွေမှာ ဆိုင်ကယ်ဝင်ကြေး ကောက်တဲ့အပေါ်မှာလည်း စဉ်းစားပေးစေချင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

လတ်တလော ပြည်သူ့လူမှုဘဝများတွင် ဆိုင်ကယ်ကို အများပြည်သူများ အသုံးပြု၍ ဆိုင်ကယ်နှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ ဖြေလျှော့မှုများပြုလုပ်ခြင်းက အစိုးရ၏ ပြည်သူနှင့်အတူဆိုသည့်ပြယုဂ်ကို ပိုမိုထင်ရှားစေမည်ဟု ယုံကြည်ကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျတု(မကွေး)**

# သင်္ကြန်မတိုင်မီ ဘေးဖြစ်စေတတ်သော ဆေးဝါးများ ရောင်းချမှုမရှိစေရေး ပူးပေါင်းအဖွဲ့များစစ်ဆေး

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် သင်္ကြန်မတိုင်မီကာလ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကာမရာဂစိတ်ကြွဆေးများနှင့် ဘေးဖြစ်စေတတ်သော ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်စစ်ဆေးခြင်း၊ ပညာပေးခြင်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရေနံ့သာကျေးရွာ၊ မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်နှင့် တံတားဦးကျေးရွာပါငါးရွာ၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ သီရိဟေမာရပ်ကွက် သီရိမင်္ဂလာလမ်း ငှက်ပျောချောင်းကျေးရွာတို့တွင် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဆေးဆိုင်များ၊ ကွမ်းယာဆိုင်များတွင် ကာမရာဂစိတ်ကြွဆေးများနှင့် ဘေးဖြစ်စေတတ်သော ဆေးဝါးများရောင်းချမှု ရှိ၊မရှိ စစ်ဆေးပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့က ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အုတ်ဖိုမြို့မရဲစခန်း ရဲဓမ္မာရုံ သဲကုန်းမြို့နယ် အုပ်စွဲကျေးရွာအခြေခံပညာမူလတန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင် ရဲတပ်ဖွဲ့ဝင်များက ပြည်သူစုစုပေါင်း ၁၈၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့်သတိပြုရန် နှိုးဆော်ချက်များ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးတို့အား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကျန်းမာရေးနှင့် မညီညွတ်သော ဂေါ်ရာကန်ရေကိုအသုံးပြု၍ ရေပက်ကစားခြင်းကို တားမြစ်ပေးစေလို

**ဗန်းမော် မေ ၉**

ကချင်ပြည်နယ် ဗန်းမော်မြို့ သာစည်ရပ်ကွက်တွင် ဂေါ်ရာကန်ရှိပြီး ယခင်က ဧရာဝတီမြစ်ရေ မြင့်တက်လာချိန်တွင် ဧရာဝတီမြစ်ရေသည် ခွန်သာရပ်ကွက်မှ ဂေါ်ရာကန်အတွင်းသို့ စီးဝင်ခဲ့ပြီး မင်းကျောင်းကုန်း ပရဟိတကန်မှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ ပြန်လည်စီးဝင်ခဲ့ခြင်းကြောင့် ဂေါ်ရာကန်ရေသည် သန့်ရှင်းကြည်လင်၍ ကျန်းမာရေးနှင့် ညီညွတ်ခဲ့သည်။



ယခုအခါ ဂေါ်ရာကန်မှ ပရဟိတကန်အတွင်းသို့ ရေစီးဝင်သည့် ရေလမ်းကြောင်းတစ်လျှောက်တွင် လူနေအိမ်များ၊ အိမ်ဝင်းခြံများ တည်ဆောက်ထား၍ ရေထွက်ပေါက်ပိတ်စို့မှုများ ဖြစ်ပေါ်ခြင်းကြောင့် ဂေါ်ရာကန်ရေသည် သန့်ရှင်းမှုမရှိဘဲ ညစ်ညမ်းလျက်ရှိသည်။

ဂေါ်ရာကန်ရေဖြင့် ရေပက်ကစားခြင်းကြောင့် နှစ်စဉ်သင်္ကြန်ကာလ ရေပက်ခံရသူများမှာ ခန္ဓာကိုယ်ယားယံမှုများဖြစ်ပေါ်ခဲ့ကြသည်။ သင်္ကြန်ကာလတွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော ဂေါ်ရာကန်ရေဖြင့် ရေကစားမဏ္ဍပ်များမှ ရေပက်ဖျန်းကစားခြင်း မပြုစေရန် သက်ဆိုင်ရာမှ တားမြစ်ပေးစေလိုကြောင်း ဒေသခံပြည်သူများက ဆန္ဒရှိနေကြသည်။

**ဆီမီးခုံ-နန်းရီ**

# သင်္ကြန်အကြို ကျေးရွာများအရောက် မှုခင်းအသိပညာပေး

**မော်လမြိုင် မေ ၉**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် ပြည်နယ်၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှ ပူးပေါင်းပြီး မှုခင်းအန္တရာယ် အသိပညာပေးမော်တော်ယာဉ်ဖြင့် ဧပြီလပထမပတ်အတွင်း သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာနယ်မြေ ခမင်းဆိပ်အပိုင်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မှုခင်းအသိပညာပေးခြင်းများကို စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းမှုခင်းပညာပေး မော်တော်ယာဉ်ပေါ်တွင် ပြသထားသည့် မှုခင်းအသိပညာပေးပြခန်းများကို ပြည်သူနှင့်လူငယ်များ လာရောက်ကြည့်ရှုကြပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးများ၏အန္တရာယ်နှင့် ဆိုးကျိုးများ၊ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး၊ လူကုန်ကူးခြင်းဆိုင်ရာ အသိပညာပေးခြင်းများကို ဟောပြော၍ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ပြခန်းမော်တော်ယာဉ်သို့ လာရောက်လေ့လာကြသည့် ပြည်သူများကို ရဲတပ်ဖွဲ့ဝင်များက အအေးနှင့် မုန့်များကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (မော်လမြိုင်)**

# အင်ပါယာတေးဂီတအဖွဲ့နှင့် အနုပညာရှင်များ (၆)မိုင်တွင် သင်္ကြန်တွင်း ဖျော်ဖြေကြမည်

**မန္တလေး မေ ၉**

နိုင်ငံကျော် အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ အဆိုတော်များ၏ ဖျော်ဖြေမှု အစီအစဉ်များကို (၆) မိုင်ရှိ ရတနာမိုးနန်းတော်ပန်းခြံတွင် သင်္ကြန်အကြိုရက်မှစတင်၍ တင်ဆက်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူထံမှ သိရသည်။

ရတနာမိုးနန်းတော် ပန်းခြံဂီတဖျော်ဖြေပွဲဟု အမည်ပေးထားသည့် အဆိုပါပွဲတွင် နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ်၊ ရင်ဂို၊ အီတိုး၊ Melody World ဆုရအဆိုတော် လှိုင်းလေးနှင့် အနုပညာရှင်များ၊ အဆိုတော်များအပြင် မန္တလေးမြို့ပေါ်တွင် သင်္ကြန်ပွဲတော်ရက်အတွင်း ဖျော်ဖြေကြမည့် အဆိုတော်များကိုလည်း ဖိတ်ခေါ်ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုဋ္ဌဝတီမြစ်အနီး ရဲရွာရေအားလျှပ်စစ်အသွားလမ်း (၆)မိုင်တွင် ပြုလုပ်မည့် ယင်းဖျော်ဖြေပွဲကို သင်္ကြန်ရက်များတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုတင်ဆက်မှုများ ပြုလုပ်ရန် လျာထားကြောင်း၊ ဝင်ကြေးအား သက်သာသည့်နှုန်းထားဖြင့် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု၏ မင်္ဂလာမယ်ယိမ်းအဖွဲ့မှ ရန်ကုန်မြို့တော်ဗဟိုရေကစားမဏ္ဍပ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ရေကစားမဏ္ဍပ်တို့တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မေ ၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖျော်ဖြေကပြလေ့ကျင့်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းနှင့် မြို့မိမြို့ဖများကြည့်ရှုအားပေးစဉ်
ကျော်စိုးမိုး

# ရွှေကူ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီ

**ရွှေကူ ဧပြီ ၉**

မိုးသက်လေပြင်းကျရောက်စဉ် ထိခိုက်ခဲ့ရသည့် ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ပြည်နယ်လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးဌာနက ထောက်ပံ့ပစ္စည်း ပေးအပ်ခြင်းကို ဧပြီ ၉ ရက် နံနက် ၁၁ နာရီက ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားတွင် ပြည်နယ်လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ထောက်ပံ့ပစ္စည်း ပေးအပ်မှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကာ လေပြင်းတိုက်ခတ်စဉ် ထိခိုက်ခဲ့သည့် အိမ်ခြေ ၁၉၉ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၉၉၀၀၀၀၊ အိမ်ထောင်စု ၂၂၄ စု လူဦးရေ ၁၀၀၅ ဦးအတွက် ရိက္ခာဖိုး ငွေကျပ် ၂၁၁၀၅၀၀၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူ လူနာတစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်အတွင်းရှိ လေဘေးသင့် ဘာသာရေးအဆောက်အအုံကိုးခုအတွက် ငွေကျပ် ၉၀၀၀၀၀ လှူဒါန်းခဲ့သည့်အပြင် ထောက်ပံ့ကူညီရေးပစ္စည်းများလည်း ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယု၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးမြင့်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး တင်မောင်လတ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးကိုကိုမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေလင်းအောင်(ရွှေကူ)**

# သောက်သုံးရေဖူလုံစွာရရှိစေရေး အလှူငွေပေးအပ်

**ဒလ ဧပြီ ၉**

နှစ်စဉ် တပေါင်း၊ တန်ခူး နွေရာသီအချိန်ကာလရောက်တိုင်း ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ သောက်သုံးရေကန်များ ခန်းခြောက်၍ ဒေသခံပြည်သူများ ရေရှားပါးမှုနှင့် ကြုံတွေ့နေရဆဲဖြစ်သည့် ဒလမြို့နယ်တွင် ရာသီဥတုကြောင့် သောက်သုံးရေရှားပါးမှု ပိုမိုခက်ခဲလျက်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာရှင်များပါဝင်သော မြို့နယ်သောက်သုံးရေဖူလုံစွာရရှိစေရေး ကော်မတီအဖွဲ့မှ ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်ချက်များအား ကူညီဖြည့်တင်းပေးနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သောက်သုံးရေ ဖူလုံစွာရရှိစေရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက မြို့နယ်အတွင်း သောက်သုံးရေလိုအပ်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ တစ်မြို့နယ်လုံးအနေဖြင့် ရေကန်ပေါင်း ၃၂၃ ကန်ရှိပြီး နွေရာသီသောက်သုံးရေ ရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ စနစ်တကျ ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နွေရာသီသောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ရေလိုအပ်ချက်များအား ကူညီဖြည့်တင်းပေးနိုင်ရေးအတွက် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင်များက လှူဒါန်းသည့် စုစုပေါင်းအလှူငွေကျပ် ၁၀၃ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဇီးကုန်းမြို့နယ် ရဲတပ်ဖွဲ့က ရေရှားပါးသောကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်း

**ဇီးကုန်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ထွန်း၏ ဦးဆောင်မှုဖြင့် ဇီးကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းနိုင်နှင့်တပ်ဖွဲ့ဝင်များ၊ မော်ရကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ငွေတို့သည် ဧပြီ ၆ ရက်က မော်ရကျေးရွာအုပ်စုအတွင်းရှိ ရေရှားပါးပြတ်လပ်နေသော ထန်းတပင်ကျေးရွာသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဂါလန် ၉၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဆက်လက်၍ မြို့နယ်တွင်းရှိ ရေရှားပါးပြတ်လပ်နေသော ကျေးလက်ဒေသများသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

# ကျိုက်ထိုမြို့နယ်ရှိ ရေရှားပါးသောကျေးရွာများအား ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေများဖြန့်ဝေ

**ကျိုက်ထို ဧပြီ ၉**

ကျိုက်ထိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် ပူပြင်းခြောက်သွေ့သော နွေရာသီ၌ ရေရှားပါးမှုမရှိစေရန်နှင့် ရေရှားပါးမှုကြုံတွေ့ပါက စနစ်တကျစီမံကွပ်ကဲ ဆောင်ရွက်နိုင်ရန် ရေဖြန့်ဝေရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းပြီး ဧပြီလ ပထမပတ်မှစတင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့် ဦးဆောင်၍ ရေရှားပါးသော ရပ်ကွက်များသို့ သွားရောက်၍ အိမ်ခြေ ၁၇၈၇ လုံးရှိ လူဦးရေ ၈၈၇၀ အတွက် ရေဂါလန် ၁၉၈၀၀ ကို ဖြန့်ဝေပေးခဲ့သည်။

အလားတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး ကွပ်ကဲသော တပ်ဖွဲ့ဝင်များကလည်း သောက်သုံး ရေဂါလန် ၂၀၇၂၀ ကို ဖြန့်ဝေပေးခဲ့ကြသည်။ အဆိုပါ သောက်သုံးရေများကို နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နှစ်ကြိမ်စီ ဧပြီလမှ မေလကုန်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သထုံမြို့နယ်တွင် ရေရှားပါးသော ရပ်ကွက်/ကျေးရွာများသို့ ရေများလှူဒါန်း

**သထုံ ဧပြီ ၉**

မိုးများရေရှားဒေသတစ်ခုဖြစ်သော သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့တို့တွင် ရေရှားပါးလျက်ရှိရာ၊ လိုအပ်လျက်ရှိသော သောက်ရေ၊ သုံးရေများကို ရပ်ကွက်/ကျေးရွာများအရောက် ပေးပို့လှူဒါန်းခဲ့ကြသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းဇော် ဦးစီးသောတပ်ဖွဲ့ဝင်များက အနိူင်းမဲ့မေတ္တာ (တုနှိုင်းမရရေကုသိုလ်) ဂါလန် ၁၀၀၀ ရေသယ်ယာဉ်ဖြင့် လည်းကောင်း၊ သုဝဏ္ဏဝတီနယ်မြေရဲစခန်းမှူး ရဲအုပ်နေမျိုးသန့် ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် ရေဂါလန် ၃၀၀၀ ပါ ရေသယ်ယာဉ်နှင့် သောက်ရေသန့်ဘူးကြီး ၆၀ ဖြင့် လည်းကောင်း၊ မီးစက် ရဲကင်းတပ်ဖွဲ့ဝင်များက ရေသန့်ဘူးကြီး ၁၅၀ ဖြင့်လည်းကောင်း၊ ဧပြီ ၉ ရက် နံနက် ၉ နာရီခွဲမှစတင်ကာ နောင်ကုလားပန်တိမ်ရိုး၊ ဇရစ်ချောင်ကျေးရွာအုပ်စု သာယာကုန်းနှင့် သမီးတော်ကုန်းတို့ရှိ လိပ်အင်းရပ်ကွက် သုဝဏ္ဏ (၅)လမ်းနှင့် မွန်စုရှိ အိမ်ထောင်စုပေါင်း ၇၅၀ တို့အား အိမ်တိုင်ရာရောက် ရေးပေးဝေလှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ငဝန်မြစ်အတွင်း ရေယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၂၀ အပြင် ပျောက်ဆုံးသူ ၁၀ ဦး ထပ်မံဆယ်ယူရရှိ

**ပုသိမ် ဧပြီ ၉**

ပုသိမ်ခရိုင် ပုသိမ်မြို့အနီး ငဝန်မြစ်အတွင်း၌ ဧပြီ ၇ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် ငွေကြယ်ပွင့်သင်္ဘောတိမ်းမှောက်ရာမှ ငပုတောမြို့နယ် ကမ်းနီးကျေးရွာအုပ်စု ရခိုင်ကုန်းကျေးရွာနေသူ ဦးဝင်း ခိုင်(ခ) ဦးမွှေးခိုင် (၅၀ နှစ်) အပါအဝင် သေဆုံးသူများ၊ အမျိုးသား လေးဦး၊ အမျိုးသမီး ၁၆ ဦးတို့အနက် ၁၉ ဦးတို့၏ ရုပ်အလောင်းများကို ပုသိမ်မြို့အမှတ် (၈)နယ်မြေ သရောင်းချောင်း မီးသင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်ခဲ့ရာ ဧပြီ ၈ ရက် ညနေ ၅ နာရီ ၃၅ မိနစ်တွင် ပြီးစီးခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ ငွေကြယ်ပွင့် တစ်ထပ်လိုင်းပြေးရေယာဉ်ကို စင်းလုံးငှား၍ မင်္ဂလာပွဲသွားရောက်ပြီး ည ၇ နာရီ အပြန်တွင် ပုသိမ်မြို့ဆိပ်ကမ်းဆီသို့ ယာဉ်မောင်း ဦးအောင်(၅၆ နှစ်)၊ ကြံခင်းမြို့နေသူ မောင်းနှင်လာသည့် နဒီရွှေစင်ကျောက်တင်တွဲသင်္ဘောနှင့် တိုက်မိရာမှ ငွေကြယ်ပွင့်ရေယာဉ်သည် ခရီးသည် ၆၀ နှင့်အတူ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကယ်ဆယ်ရေးအဖွဲ့များက လူ ၃၀ ကို ကယ်ဆယ်နိုင်ခဲ့သည်။ သင်္ဘောဝမ်းဗိုက်အတွင်း သေဆုံးနေသည့် ခရီးသည်အမျိုးသား လေးဦး၊ အမျိုးသမီး ၁၆ ဦးတို့အား ထပ်မံတွေ့ရှိရသဖြင့် ပုသိမ်နယ်မြေရဲစခန်းက အမှုဖွင့်ထားခဲ့သည်။

ဆက်လက်၍ ပျောက်ဆုံးနေသူ ၁၀ ဦးကျန်ရှိခဲ့ရာတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ရဲဗလမျိုးဝင်းနှင့် ရေကြောင်းတပ်ဖွဲ့စု ရဲမှူးသန်းဇော်ထိုက်တို့ဦးဆောင်သော ကယ်ဆယ်ရေးအဖွဲ့များက ၂၄ နာရီမပျက် ငဝန်မြစ်ကြောင်း အတွင်း၌ စုံစမ်းရှာဖွေခဲ့ရာ ဧပြီ ၉ ရက် နံနက် ၆ နာရီမှ ၁၂ နာရီအတွင်း ရေယာဉ်မောင်းသူ ကိုလင်းထိုက် (၃၁ နှစ်) နှင့် ကလေးသုံးယောက်အပါအဝင် ပျောက်ဆုံးနေသူ ကိုးယောက်တို့၏ အလောင်းများအား ဆယ်ယူရရှိခဲ့သည်။



သေဆုံးသူ အမျိုးသမီးများဝတ်ဆင်ထားသည့် ရွှေငွေလက်ဝတ်ရတနာများကို တာဝန်ရှိသူတို့နှင့် အသိသက်သေများရှေ့မှောက်၌ ချိတ်ပိတ်သိမ်းဆည်းထားရှိကြောင်း သိရသည်။

**ပုသိမ် (လှကြည်)**

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၉** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# အမေရိကန် ရေတပ်တိုက်ခိုက်ရေးအုပ်စု ကိုရီးယားကျွန်းဆွယ်ဆီသို့ ချီတက်မည်



ပြီးခဲ့သည့် မတ်လအတွင်းက တောင်တရုတ်ပင်လယ်တွင်ပြုလုပ်ခဲ့သည့် စစ်ရေးလှုပ်ရှားမှုအတွင်း USS. Carl Vinson သင်္ဘောကုန်းပတ်ပေါ်၌ အမေရိကန်တိုက်လေယာဉ်များကို တွေ့ရစဉ်

**ဝါရှင်တန် မေ ၉**

အမေရိကန် ရေတပ်တိုက်ခိုက်ရေးအဖွဲ့သည် ရေတပ်စစ်အင်အားကို ပြသသည့်အနေဖြင့် ကိုရီးယားကျွန်းဆွယ် အနီးရှိ အနောက်ပစိဖိတ်သမုဒ္ဒရာဆီသို့ စတင်ချီတက်ရန် ပြင်ဆင်လျက်ရှိကြောင်း အမေရိကန်အာဏာပိုင်များက ရိုက်တာ သို့ ပြောကြား ခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်ကြီးထွားလာမှုအပေါ် စိုးရိမ်ကြောင့်ကြမှုများ ပေါ်ပေါက်လာချိန်တွင် ရေတပ်မတော်ကစစ်အင်အားကို ပြသရန် ပြင်ဆင်လိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

ယခုလအစောပိုင်းက မြောက်ကိုရီးယားသည် လောင်စာရည်ဖြည့်သွင်းသည့် စကတ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ခဲ့ပြီး ယင်းဒုံးကျည်သည် ၎င်းရောက်ရှိနိုင်သည့် အကွာအဝေး၏ အနည်းငယ်သော ပမာဏလောက်အထိသာ ပျံသန်းရောက်ရှိခဲ့သည်ဟု ဆိုသည်။

Carl Vinson ဟုခေါ်ဆိုသည့် တိုက်ခိုက်ရေးအုပ်စုတွင် လေယာဉ်တင်သင်္ဘောတစ်စင်းပါဝင်ပြီး စင်ကာပူမှ လမ်းကြောင်းစတင်ကာ ကိုရီးယားကျွန်းဆွယ်သို့ထွက်ခွာမည်ဖြစ်ကြောင်း အာဏာပိုင်များက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ စိုးရိမ်ဖွယ်ရာ အပြုအမူအတွက် အမေရိကန်အနေဖြင့် အရန်သင့်အနေအထားတွင်ရှိရန် လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ စနေနေ့နှောင်းပိုင်းက အမေရိကန် ရေတပ်မတော် တပ်ခွဲ ၃ က တိုက်ခိုက်ရေးအုပ်စုသည် မြောက်ဘက်သို့ တိုက်ရိုက်ခုတ်မောင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တပ်မတော် ရေယာဉ်များသည် ယခင်က ကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း ဩစတြေးလျဆိပ်ကမ်းသို့ သွားရောက် လည်ပတ်ခြင်းထက် အနောက်ပစိဖိတ်၌ စစ်ဆင်ရေး လေ့ကျင့်မှု ပြုလုပ်သွားလိမ့်မည်ဖြစ်ကြောင်း ရေတပ်က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်မှုများကို မကြာခဏပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်များကို ဟန့်တားရန်အတွက် ယခုရက်သတ္တပတ်အစောပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဖလော်ရီဒါ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(ရိုက်တာ)**

# ဆီးရီးယား၌ အမေရိကန်၏တိုက်ခိုက်မှုကို အီရန်ရှုတ်ချ

**တီဟီရန် မေ ၉**

အီရန်သမ္မတ ဟာဆန်ရိုဟာနီသည် ယခုရက်ပိုင်းအတွင်း ဆီးရီးယား စစ်အခြေစိုက်စခန်းကို အမေရိကန်က ဒုံးကျည်ပစ်ခတ် တိုက်ခိုက်ခြင်းကို ဆီးရီးယားနိုင်ငံအပေါ် ကျူးကျော်ရန်စမှုတစ်ခုအဖြစ် ဒေါသတကြီး ပြစ်တင်ရှုတ်ချခဲ့ပြီး အာရပ်ပင်လယ်ကွေ့နိုင်ငံများကိုလည်း ယင်းအပြုအမူအပေါ် အားပေးထောက်ခံသည့်အတွက် ဝေဖန်ကဲ့ရဲ့ခဲ့ကြောင်း သိရသည်။



အီရန်သမ္မတရိုဟာနီသည် စနေနေ့က ဆီးရီးယားတွင် ဖြစ်ပွားခဲ့သည့် သံသယဖြစ်ဖွယ် ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်မှုကို သမာသမတ်ကျသည့် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ပေးရန် တောင်းဆိုတိုက်တွန်းခဲ့သည်။

ထို့အပြင် ယင်းတိုက်ခိုက်မှုအပေါ် အမေရိကန်က တုံ့ပြန်လိုက်သည့် လေကြောင်းတိုက်ခိုက်မှုက အဆိုပါဒေသအတွင်း အစွန်းရောက်ဝါဒ ပိုမိုပြင်းထန်လာအောင် လှုံ့ဆော်လိုက်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရိုဟာနီသည် ဆွေးနွေးဖက် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်နှင့် ဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုခဲ့ရာတွင် ဆီးရီးယားနိုင်ငံက အဆိပ်ဓာတ်ငွေ့ဖြင့်တိုက်ခိုက်မှုလုပ်ဆောင်သည်ဟူသော စွပ်စွဲချက်များသည် ဆီးရီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို နှောင့်ယှက်ဖျက်ဆီးလိုသောကြောင်း ကျိုးဆီလျော်မှုမရှိသည့် ယိုးစွပ်မှုသာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆီးရီးယားသမ္မတ အာဆတ်က ရိုဟာနီအား ပြောကြားသည်မှာ ဆီးရီးယားပြည်သူများနှင့် တပ်မတော်အား ဆီးရီးယားပိုင်နက်အတွင်းရှိမည်သည့်နေရာ၌ဖြစ်စေ အကြမ်းဖက်တိုက်ခိုက်ချေမှုန်းမှုများပြုလုပ်ရန် ပစ်မှတ်ထားခြင်းကိုခံရလျက်ရှိပြီး သူပုန်များနှင့် စစ်သွေးကြွအဖွဲ့များသည် ၎င်း၏အုပ်ချုပ်မှု အပေါ် ခြောက်နှစ်ကြာအောင် ဆန့်ကျင်တော်လှန်ခဲ့ကြကြောင်းနှင့် ဆီးရီးယားနိုင်ငံအပေါ် အီရန်၏ကူညီထောက်ပံ့ပေးခဲ့မှုများအတွက် များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း အီရန်နိုင်ငံပိုင် ဆာနားသတင်း အေဂျင်စီတွင် ဖော်ပြထားသည်။

တနင်္ဂနွေနေ့ကပြောကြားခဲ့သည့် မိန့်ခွန်းတွင် ရိုဟာနီသည် အမေရိကန်နှင့် မဟာမိတ်ပြုထားသည့်အာရပ်ပင်လယ်ကွေ့နိုင်ငံများအား အမေရိကန်၏ ဒုံးကျည် တိုက်ခိုက်မှုကို အားပေးထောက်ခံခဲ့သည့်အတွက် ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# ကမ္ဘာ့ပထမဆုံးသော သင်္ဘောဖြတ်လိုဏ်ခေါင်း နော်ဝေ၌ တည်ဆောက်မည်

**အော်စလို မေ ၉**

အန္တရာယ်ရှိသည့် ကမ်းရိုးတန်းဧရိယာများကိုရှောင်ရှားကာ ကုန်ပစ္စည်းများနှင့် သင်္ဘောဖြင့် ခရီးသွားလာမှုများကိုလွယ်ကူချောမောစေမည့် ကမ္ဘာပေါ်တွင် ပထမဆုံးသော သင်္ဘောဖြတ်လိုဏ်ခေါင်းကြီးကို Western Stad ကျွန်းဆွယ်ပေါ်တွင် နော်ဝေနိုင်ငံက တည်ဆောက်သွားမည်ဖြစ်ကြောင်း နော်ဝေကမ်းရိုးတန်းအုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

အရှည် မီတာ ၁၇၀၀၊ အကျယ် ၃၇ မီတာနှင့် အမြင့် ၂၆ ဒသမ ၅ မီတာမြင့်သည့် လိုဏ်ခေါင်းကို စတက်ကျွန်းဆွယ်ပေါ်ရှိအကျဉ်းမြောင်းဆုံးအစိတ်အပိုင်းကို ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်ပြီး ကုန်စည်ပစ္စည်းများနှင့် ခရီးသည်များကို နော်ဝေကမ်းရိုးတန်းတစ်လျှောက်ရှိ အသုံးအများဆုံးနှင့် အန္တရာယ်အရှိဆုံးနေရာတစ်ခုဖြစ်သည့် စတက်ဟာဗက်ပင်လယ်ကို ဖြတ်ကျော်စေမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

အသစ်တည်ဆောက်ဖောက်လုပ်သွားမည့် ယင်းသင်္ဘောဖြတ်လိုဏ်ခေါင်းသည် မတော်တဆထိခိုက်ဖြစ်ပွားမှုများနှင့် အကြမ်းဖက်အန္တရာယ်များကို လျော့ကျစေမည်ဖြစ်ပြီး ခရီးသွားများအတွက်သာမက ကုန်ပစ္စည်းများအတွက်ပါ ဘေးကင်းလုံခြုံစိတ်ချရစေမည့် ပင်လယ်ရေကြောင်းခရီးသွားလာမှုတစ်ခုဖြစ်လာစေမည်ဟု ဆိုသည်။

လိုဏ်ခေါင်းသည် အဆိုပါဒေသအတွင်းရှိ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို တိုးတက်ခိုင်မာအောင် အားဖြည့်ပေးမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးအဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်ပေါ်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီဂျစ်နိုင်ငံရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား၊ ၂၅ ဦးသေဆုံး

**ကိုင်ရို မေ ၉**

အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းပေါ်ရှိ Coptic ဘာသာရေး အဆောက်အအုံတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ၂၅ ဦးထက် မနည်းသေဆုံးခဲ့ပြီး ၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်များ၏ ပြောကြားချက်အရ နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။

လတ်တလောတွင် ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းကို အခိုင်အမာပြောဆိုနိုင်ခြင်း မရှိသေးပေ။ Coptic အီစတာပွဲတော်ကျင်းပရန် တစ်ပတ်အလိုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယခုလအတွင်း ပုပ်ရဟန်းမင်းကြီးဖရန်စစ်က အီဂျစ်သို့ လာရောက်လည်ပတ်ရန် စီစဉ်ထားချိန်လည်းဖြစ်သည်။

ကိုင်ရိုမြို့အပြင်ဘက် ၁၀၀ ကီလိုမီတာအကွာ နိုင်းမြစ်ဝှမ်းရှိ တန်တာမြို့တွင်ဖြစ်ပွားခဲ့သည့် ယင်းဗုံးခွဲတိုက်ခိုက်မှုသည် အီဂျစ်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့ခွဲများက ခရစ်ယာန်ဘာသာဝင်များအား တိုက်ခိုက်မှုများ ပိုမို အရှိန်မြှင့်လုပ်ဆောင်လာပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူများကိုပါ ခြိမ်းခြောက်လာသည့် တိုက်ခိုက်မှုတစ်ခုအနေဖြင့် လုပ်ဆောင်လာခြင်း ဖြစ်သည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းမှစ၍ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့များက ပစ်မှတ်ထားတိုက်ခိုက်မှုများ စတင်ပြုလုပ်လာသည့်အတွက် ခရစ်ယာန်ဘာသာဝင်မိသားစုများနှင့် ကျောင်းသားများသည် အီဂျစ် မြောက်ပိုင်း ဆိုင်းနိုင်း ကျွန်းဆွယ်မှ ထွက်ပြေးခဲ့ရသည်။



ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ဘာသာရေးအဆောက်အအုံကို တွေ့ရစဉ်

ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အသေအပျောက်အများဆုံးဖြစ်ခဲ့သည့် အီဂျစ်နိုင်ငံရှိ ခရစ်ယာန်ဘာသာဝင် လူနည်းစုများအား တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားပြီးနောက် ထပ်မံတိုက်ခိုက်ခြင်း ဖြစ်သည်။

ဘာသာရေး အဆောက်အအုံ၏ ခန်းမအတွင်း အကြီးအကျယ်ပေါက်ကွဲခဲ့ခြင်းဖြစ်ကာ တစ်ခန်းလုံးမီးတောက်များနှင့် မီးခိုးလုံးများဖြင့် ဖုံးလွှမ်းပြည့်နှက်သွားခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။

ဝတ်ပြုကိုးကွယ်သူ များစွာတို့ ဒဏ်ရာ အပြင်းအထန်ရရှိခဲ့ကြသည်။ ကြမ်းပြင်တစ်ခုလုံးတွင် သွေးများစွန်းထင်းခဲ့ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ ပြန့်ကြဲသွားခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဘူးသီးတောင်- အင်ငူမော်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်



**ဘူးသီးတောင် မေ ၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု အထူးသီးသန့်ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုနှင့် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူးသီးတောင်-အင်ငူမော် လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိပြီး ကွန်ကရစ်တံတား တစ်စင်းကိုလည်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါလမ်းကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၁ ဒသမ ၄ မိုင်အရှည် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ကွန်ကရစ်တံတားမှာ ၁၄ ပေ အကျယ်၊ ၁၅ ပေအရှည်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို စိုင်းဒင် အားမာန်ကုမ္ပဏီမှ ယခုနှစ် မတ် ၄ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများကို ငွေကျပ် ၁၈၉ ဒသမ ၄၄ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်း အလုံးစုံပြီးစီးသွားပါက ဘူးသီးတောင် မြို့မှတစ်ဆင့် သပိတ်တောင်၊ ကကျက်ဘက်၊ မောင်နီရွာတို့ကို တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ခြင်းကြောင့် ယခင်ကာလများထက် လမ်းပန်းဆက်သွယ်ရေးပိုမိုလျင်မြန် ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ ရာမည၊ တင်စိုး**

# ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာ၌ လူသေအလောင်းတစ်လောင်း တူးဖော်တွေ့ရှိ

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်း(၃)ရပ်ကွက်နေ အဏ္ဏဝါရှား၏ အာလူးခင်းအတွင်းမှ မေ ၈ ရက် နံနက် ၇ နာရီက လူသေအလောင်း တစ်လောင်း တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဘူးသီးတောင်မြို့နယ် ဘိုကြီးချောင်းကျေးရွာနေ ရော်ဖီးသည် တစ်ရွာတည်းနေ အာယာစ်နှင့်အတူ ထွက်သွားရာမှ ပြန်ရောက်မလာ၍ ၎င်း၏ဇနီး ဟာပ်ဆာက တောင်ဘဇာနယ်မြေ ရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် စုံစမ်းရှာဖွေခဲ့သည်။

ရော်ဖီးအား ဘိုကြီးချောင်းကျေးရွာနေ ဂူရာဆူတင်ပါ သုံးဦးက ရဲဒင်းဖြင့်ခုတ်၊ ဓားဖြင့်လှီးဖြတ်သတ်ပြီး ဘိုကြီးချောင်း (၃)ရပ်ကွက်နေ အဏ္ဏဝါရှား၏ အာလူးခင်း၌ မြေမြှုပ်ထားကြောင်း အာယာစ်က ရော်ဖီး၏ ဇနီးထံ မေ ၇ ရက်တွင် ဖုန်းဆက်ပြောကြားသဖြင့် တူးကြည့်ရာ ခင်ပွန်း၏အကျႌအား တွေ့ရှိခဲ့ရသည်။

ရော်ဖီး၏ဇနီးသည် ရဲစခန်းသို့ လာရောက်အကြောင်းကြားသဖြင့် မေ ၈ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်နယ်ဆရာဝန်တို့ပါဝင်သောအဖွဲ့သည် သွားရောက်တူးဖော်ရာ ရော်ဖီး၏ အလောင်းအား တူးဖော်တွေ့ရှိရသည်။

အာယာစ်ပါ လေးဦးတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်ဘဇာ နယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျိန္တလီမြို့ စေတီကွင်းကျေးရွာအနီး ဝေလငါးတစ်ကောင် သောင်တင်သေဆုံး

**ကျိန္တလီ မေ ၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီမြို့ စေတီကွင်းကျေးရွာအနီးပင်လယ်ကမ်းစပ်၌ မေ ၉ ရက် နံနက် ၁၀နာရီက ဝေလငါးတစ်ကောင် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်အုပ်ချုပ်ရေးမှူး၊ ငါးလုပ်ငန်းဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ စေတီကွင်း အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအဖွဲ့တို့သည် သွားရောက်စစ်ဆေးရာ အဆိုပါဝေလငါးမှာသေဆုံးပြီး ကမ်းစပ်၌ သောင်တင်နေကြောင်း တွေ့ရှိရသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ဝေလငါးအရိုးစုရရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြင်းခြံမြို့ ဈေးဆိုင်ခန်းခများတိုးမြှင့်ကောက်၍ ဈေးသူ ၊ ဈေးသားများဆန္ဒပြ

**မြင်းခြံ မေ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဈေးများအတွင်း ရောင်းချသည့် ဈေးသည်များ၏ ဆိုင်ခန်းခများ တိုးမြှင့် ကောက်ခံ၍ ဈေးသူ၊ ဈေးသားများက ဆန္ဒပြခြင်းကို မေ ၈ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့တွင် မြို့မဈေး၊ အေးမြသီတာဈေး၊ စံပြဈေးဟူ၍ ဈေး သုံးဈေးရှိရာ ယင်းဈေးများရှိ ဆိုင်ခန်းခများ တိုးမြှင့်ကောက်ခံခြင်းကို ဈေးသူ၊ ဈေးသားများက ကျေနပ်မှုမရှိ၍ ဆန္ဒပြခြင်းဖြစ်ကြောင်း သိရသည်။



မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယခင် ကောက်ခံသည့် ဈေးနှုန်း၏ ငါးဆခန့်ကို ကောက်ခံသွားမည် ဖြစ်ကြောင်း ကြေညာထားရာ ယခုအခါ အရောင်းအဝယ် အေးနေခြင်း၊ ဆိုင်ခန်းခကို တိုးမြှင့်ကောက်ခံခြင်းကြောင့် အဆင်မပြေခြင်းများရှိသဖြင့် ဈေးသူ၊ ဈေးသားများက မြို့မဈေးနှင့် အေးမြသီတာဈေးအကြား စုရပ်မှ စတင် ထွက်ခွာ၍ လမ်းတစ်လျှောက်တွင် ဗီနိုင်းဆိုင်းဘုတ်များ ကိုင်ဆောင်ခြင်း၊ ကြွေးကြော်ခြင်းဖြင့် ‘ဘဘ’ လမ်းမှ တစ်ဆင့် မြို့မဈေးကြီးကိုပတ်ပြီး မြို့မဈေးကြီးတောင်ဘက်ဝင်ပေါက်၌ ဆန္ဒပြခြင်းကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဆန္ဒပြခြင်းကို ဦးမင်းမင်းသန်းက ဦးဆောင်ပြီး အင်အား ၁၅၀၀ ခန့်ပါဝင်ကာ ဆန္ဒပြမှုကို သက်ဆိုင်ရာသို့ တင်ပြပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ )**

# ရေစင်ပေါ်တက်ရောက်ကြည့်ရှုသူ ခြေချော်ပြုတ်ကျ၍သေဆုံး

**တောင်ငူ မေ ၉**

တောင်ငူမြို့ ရပ်ကွက်(၅) ဦးပန်းဖြူလမ်း၌ မေ ၈ ရက် ညနေ ၃ နာရီခန့်က ရေစင်ပေါ်တက်ကြည့်သူ အမျိုးသားတစ်ဦး ခြေချော်ပြုတ်ကျ၍ တောင်ငူဆေးရုံကြီး အရောက်တွင် သေဆုံးသွားကြောင်းသတင်းအရ တောင်ငူအမှတ်(၂) နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးမြင့်သိန်း (၆၁နှစ်) ဖြစ်ကြောင်း သိရသည်။ ဦးမြင့်သိန်းသည် ယင်းနေ့နံနက် ၁၁ နာရီခန့်က ၎င်း၏နေအိမ်အနောက်ဘက်ရှိ ပြုပြင်ထားသောရေကန်အား တက်ရောက်ကြည့်ရှုစဉ် အမြင့်ပေ ၂၀ ခန့်မှနေ၍ ခြေချော်ပြုတ်ကျခဲ့ပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် တောင်ငူ အမှတ်(၂)နယ်မြေ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ကိုလွင်(ဆွာ)**

# ပျဉ်းမနားမြို့မရဲစခန်း(အချုပ်ထောင်) မှ ထွက်ပြေးသွားသည့် တရားခံနှစ်ဦးအား လယ်ဝေးမြို့နယ်တွင် ဖမ်းဆီးရမိ

**ပျဉ်းမနား မေ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား(အချုပ်ထောင်)မှ ထွက်ပြေးသွားသည့် တရားခံနှစ်ဦးအား ရဲတပ်ဖွဲ့၏ ချိတ်ဆက်ကြိုးပမ်းအားထုတ်မှု ကြောင့် ဖမ်းဆီးရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၇ နာရီခွဲက အချုပ်ခန်း အမှတ်စဉ် (၇) တွင် ချုပ်ထားသော တရားခံ ဝင်းထိုက်ကျော် (၂၃ နှစ်)နှင့် တရားခံ ငွေသိန်း (ခ) ညီညီ (၁၆ နှစ်)တို့ နှစ်ဦးကို သန့်ရှင်းရေးထုတ်ခိုင်းရာမှ အချုပ်ခန်းအသစ်နံရံကို အသုံးပြု၍ အချုပ်ခန်းဟောင်း အမိုးပေါ်မှတစ်ဆင့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ **(သတင်းဖော်ပြပြီး)**

၎င်းတို့နှစ်ဦးထွက်ပြေးသွားသည့်ကိစ္စနှင့်ပတ်သက်၍ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်က ထွက်ပြေးတရားခံများ အမြန်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ရန် ညွှန်ကြားချက်အရ ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးသည် ဝန်းကျင် မြို့နယ်ရဲစခန်းများသို့ ချိတ်ဆက်သတင်းပေးဆောင်ရွက်မှုကြောင့် မေ ၉ ရက် နံနက် ၈ နာရီခွဲတွင် လယ်ဝေးမြို့နယ် သာဝတ္တိစစ်ဆေးရေးဂိတ်မှ ရဲအုပ်မျိုးဇော်ဦးစီးသော တပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ ကြားကန်စစ်ဆေးရေးဂိတ်တွင် အဆိုပါထွက်ပြေးသူနှစ်ဦးအား ဖမ်းဆီးရမိထားကြောင်း သတင်းရရှိသဖြင့် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မိုးဦး၊ ပျဉ်းမနားမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်နိုင် ဦးနှင့်တပ်ဖွဲ့ဝင်များက ထွက်ပြေးတရားခံနှစ်ဦးအား ပြန်လည်ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဝင်းထိုက်ကျော်နှင့် ငွေသိန်း(ခ) ညီညီတို့အား တရားဥပဒေနှင့်အညီ ဆက်လက်၍ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပျဉ်းမနား(အချုပ်ထောင်)မှ ထွက်ပြေးသွားသည့် ဝင်းထိုက်ကျော်နှင့် ငွေသိန်း (ခ)ညီညီတို့အား ပြန်လည်ဖမ်းဆီးရမိစဉ်**

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုးသူကို ဖမ်းဆီးရမိ

**နောင်ချို မေ ၉**

နောင်ချိုမြို့ လားဟူကျေးရွာ၌ မေ ၉ ရက် နံနက် ၅ နာရီက နာရေးကိစ္စသို့ လာရောက်ကြသည့် စက်ရုံကျေးရွာနေထိုင်သူ ရှမ်းကလား(ခ)သန်းညွန့်နှင့် မီးသွေးဖုတ်လုပ်ကိုင်သူ ဦးတင်အောင်တို့အရက်သောက်ကြပြီး စနောက်ပြောဆိုရာမှ စကားများကြပြီးနောက် ဦးတင်အောင်က ၎င်းခါးကြား၌ အသင့်ထိုးထားသော အရိုးအသွား ၁၆ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ရှမ်းကလား(ခ)သန်းညွန့်(၄၆နှစ်)၏ ဝမ်းဗိုက်ကို ထိုးလိုက်ရာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။ ဓားဖြင့်ထိုးသူ တင်အောင်(၄၉နှစ်) မှာ လားဟူကျေးရွာနှင့် လေးမိုင်ခန့်ဝေးသော တောင်ယာတဲသို့ ထွက်ပြေးတိမ်းရှောင်သွားရာ နောင်ချိုရဲတပ်ဖွဲ့စခန်း ရဲစခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင် ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရမိခဲ့ပြီး နောင်ချိုရဲတပ်ဖွဲ့စခန်းက တင်အောင်ကို အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

# နေပြည်တော်မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး စားသောက်ဆိုင်များအား စစ်ဆေး

**နေပြည်တော် ဧပြီ ၉**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက် ၉ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကွပ်ကဲမှုအောက် နေပြည်တော် မြို့မဈေးရှိ တောင်ပေါ်စားသောက်ဆိုင်များအား မီးသုံးစွဲမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စားသောက်ဆိုင်များ၌ လျှပ်စစ်မီးသုံးစွဲမှု လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းမှုနှင့် ဆိုင်များတွင် အသုံးပြုသည့် ဂက်စ်မီးဖို၊ ဂက်စ်အိုးများ စနစ်တကျ သုံးစွဲထားခြင်းရှိ/မရှိတို့ကို နေပြည်တော် မြို့မဈေး ဈေးအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လင်းထက်နှင့်တာဝန်ရှိသူများ၊ ဇေယျာသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဝင်းမင်းစိုးနှင့် ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များက စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

# အေးခဲအမဲသားများ ဖမ်းဆီးရမိ

**သိန်းနီ ဧပြီ ၉**

သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မန္တလေးမှ မူဆယ်သို့ မောင်းနှင်လာသော ယာဉ်များအား ဧပြီ ၈ ရက် နံနက် ၁ နာရီခွဲက တားဆီးစစ်ဆေးခဲ့ရာ ယာဉ်အမှတ် 8H/---- ထက်ဦးခရီးသည်တင်ယာဉ်ပေါ်၌ အမဲသားအစို ၃၉ အိတ်နှင့် အမဲသားအခြောက် ၂၇ အိတ်၊ နံနက်၁၀ နာရီတွင် ယာဉ်အမှတ် 41/---- ဟိုက်အေ့ယာဉ်ပေါ်၌ အမဲသားအစိုများ စစ်ဆေးတွေ့ရှိရပြီး **(အောက်ပုံ)** အေးခဲအမဲသားအစို၊ အမဲသားအခြောက်များအား တန်ဖိုးစိစစ်ခြင်းများပြုလုပ်၍ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ချစ်လှ(မြန်/ဆက်)**



# ညောင်လေးပင်၌ ရာသီဥတုပူပြင်း၍ ကလေးငယ်များဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွား



**ညောင်လေးပင် ဧပြီ ၉**

ရာသီဥတုပူပြင်းမှုကြောင့် ဧပြီ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကလေးငယ်များ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံသို့တက်ရောက်၍ ကုသမှုခံယူနေသော ကလေးငယ် ၁၃ ဦး၊ ၁၄ ဦးခန့် ရှိကြောင်း သိရသည်။

"ကလေးက ပထမကိုယ်ပူတယ်၊ အန်တယ်၊ ပြီးမှ ဝမ်းပျက်ဝမ်းလျှောဖြစ်တာပါ"ဟု ကလေးမိခင်တစ်ဦးက ပြောသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးက "အခုကလေးတွေဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါက ဘေးရောဂါဖြစ်တဲ့ ကူးစက်ရောဂါမျိုး မဟုတ်ဘဲ သာမန်ဝမ်းပျက်ဝမ်းလျှောဖြစ်တာပါ။ ရာသီဥတုပူပြင်းတာရယ်၊ သောက်သုံးရေရှားပါးပြီး မသန့်ရှင်းတဲ့ရေကို ကျိုချက်ပြီးမသောက်တာရယ်၊ ညစ်ပတ်တဲ့လက်နဲ့ အစားအသောက်တွေကို စားမိတာရယ်၊ အစားအသောက်မသန့်ရှင်းတာကြောင့် ဖြစ်ကြတာပါ" ဟု ရှင်းပြသည်။

ယခုဝမ်းပျက်ဝမ်းလျှောဖြစ်ကြသည့် ကလေးများသည် ညောင်လေးပင်မြို့နယ်အတွင်းမှဖြစ်ပြီး တချို့မှာ ကုသမှုခံယူ၍ ပျောက်ကင်းကာ အိမ်သို့ ပြန်သွားကြကြောင်း၊ ဆေးရုံ၌ ကလေးအနည်းငယ်ကျန်ပြီး ကျန်းမာရေးဌာနအနေဖြင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# မြဝတီ-ကော့ကရိတ်သွား အာရှလမ်းမကြီး ကွမ်းခြံကုန်းကွေ့တွင် ယာဉ်တစ်စီးလမ်းဘေးထိုးကျ

**မြဝတီ ဧပြီ ၉**

မြဝတီ-ကော့ကရိတ်သွား အာရှလမ်းမကြီး ကွမ်းခြံကုန်းကွေ့တွင် ပရိဘောက်ယာဉ်တစ်စီး လမ်းဘေးထိုးကျ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သဃ်န်းညီနောင် နယ်မြေရဲစခန်းမှ သိရသည်။

ဧပြီ ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မြဝတီမြို့နယ် အာရှလမ်း ကွမ်းခြံကုန်းကွေ့တံတားအလွန်တွင် မော်တော်ယာဉ်တစ်စီး လမ်းဘေးထိုးကျ တိမ်းမှောက်နေကြောင်း သတင်းအရ သင်္ကန်းညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာမှ ယာဉ်မောင်း ဦးထွန်းထွန်းဦး (၄၄ နှစ်) လှိုင်းဘွဲ့မြို့နယ်နေသူမောင်းနှင်ပြီး မြဝတီမှ ကော့ကရိတ်မြို့ဘက်သို့ ခရီးသည် အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦးတင်ဆောင်လာသော ယာဉ်အမှတ် GG/ ---- တိုယိုတာပရိဘောက်ငှားယာဉ်သည် လမ်းယာဘက် ကွင်းကလေးချောင်းထဲသို့ ထိုးကျတိမ်းမှောက်နေသည်ကို တွေ့ရှိရကြောင်း သဃ်န်းညီနောင် နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်းက ပြောပြသည်။

ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ ခရီးသည်ခြောက်ဦးတို့ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိပြီး ရဲဆေးစာဖြင့် မြဝတီခရိုင် ပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ရာ သဃ်န်းညီနောင် လူမှုကူညီရေးအသင်းမှ ကူညီပို့ဆောင်ပေးခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဦးထွန်းထွန်းဦးအား သဃ်န်းညီနောင် နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဧပြီ ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၃ စီး၊ သွင်းကုန် ၈၁၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၁၆၄ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၅၆၇၇ သန်းခန့်၊ စုစုပေါင်း ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၂၈၄၁ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရှိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၇ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Toyota Wish အမျိုးအစား မော်တော်ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန် တားဆီးစဉ် အတင်းမောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံတားဆီးပြီး စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ထိုင်ခုံအောက် ကြမ်းခင်းအတွင်း အံ့ဝှက်များပြုလုပ်ထားပြီး တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် Toyota Wish အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် နှစ်သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Wish အမျိုးအစား မော်တော်ယာဉ်


## ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၄၊ ဘီအိုစီ)၊ ဦးပိုင်အမှတ်(၁၅၈)၊ ဧရိယာ ၀ ဒသမ ၁၀၀ ဧကရှိ မြေကွက်ကို ဦးခမ်လျံခိုင်မှ မြေငှားစာချုပ်အမည်ပြောင်းသက်တမ်းတိုးခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် မြို့မြေအမှုတွဲအမှတ်(၅၄၀/၉၉၂-၁၉၉၃)အရ ဒေါ်သန်းညွန့် အမည်ဖြင့် အမည်ပေါက်မြေငှားဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ ဦးခမ်လျံခိုင်မှ ၇-၂-၂၀၁၇ ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ်(၀၃၅/၁၇)ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသော စာချုပ်(မိတ္တူ/မူရင်း)များ တင်ပြကာ ဦးခမ်လျံခိုင်မှ ဂရန်အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက်ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်းသက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/9456 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9365 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကျိုင်းတုံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား Turn key စနစ်ဖြင့် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား Lot အလိုက် လုပ်ငန်းအပ်နှံခြင်း။

(ခ) ဓာတ်အားပေးလျက်ရှိသော ၁၁ကေဗွီ/၄၀၀ ဗို့ ဓာတ်အားလိုင်း များအား Lot အလိုက်အဆင့်မြှင့်တင်ခြင်း။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၅-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကျိုင်းတုံမြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကျိုင်းတုံမြို့**
**ဖုန်း-၀၈၄-၂၁၅၆၃၊ ၀၈၄-၂၁၀၇၆**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ သံတံတားရပ်ကွက်နေ ဦးသိန်းလွင်၏ သမီး ဒေါ်ဝေလွင်လွင်၏ အမည်မှန်မှာ ဒေါ်ဝေလွင်လွင်ကျော် ၇/ဒဥန(နိုင်)၁၀၆၉၀၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1933 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ (၄၁)တိုးချဲ့ ရပ်ကွက်၊ တိုက် ၁၅၊ စီ(၁)နေ ဦးဌေးကြည်-ဒေါ်နွဲ့နွဲ့စိုးတို့၏ သား မောင်ရန်အောင်ဖြိုးသည် မိဘစကားနားမထောင်ဘဲ အိမ်ပေါ်မှ ဆင်းသွားသဖြင့် ၅-၄-၂၀၁၇ ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံး လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့စိုး**
**၉/မရတ(နိုင်)၀၁၀၀၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၈၄၇-င၊ ဆီးယင်း)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၀ဒသမ ၁၃၅ဧကရှိ မြေကွက်ကို ဒေါ်မန်လန်းကျင်မှ မြေငှားစာချုပ်အသစ်လျှောက်ထားလာရာ လျှောက်ထားမြေသည် မူလပိုင်ရှင်ဖြစ်သူ ဦးခမ်လျံခိုင် အကျိုးခံစားလျက်ရှိသော အိမ်ဝင်းမြေဖြစ်ကြောင်း တရားရုံးတွင် ပိုင်ဆိုင်ကျမ်းကျိန်ဆိုလက်မှတ်ရေးထိုးပြီး ဒေါ်မန်လန်းကျင်သို့ ၂၈-၁၂-၂၀၁၇ရက်တွင် ကလေးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် (၀၇၀/၂၀၁၆)တရားဝင် စာချုပ်ချုပ်ဆိုထားသော စာချုပ်(မိတ္တူ/မူရင်း)များ တင်ပြကာ ဒေါ်မန်လန်းကျင်မှ မြေငှားစာချုပ်လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်းကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/7065 Nissan Vanette Sk 82 TN/Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မြတ် ၁၀/မလမ(နိုင်)၁၄၀၈၀၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/9464 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်း မလေးရှားနိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် ထွက်ခွာ




**ရန်ကုန် မေ ၉**

မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းသည် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် မလေးရှားနိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ယနေ့နံနက် ၁၀ နာရီတွင် မလေးရှားနိုင်ငံ Ipoh မြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးရဲကျော်သူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း၊ လ/ထအုပ်ချုပ်သူ ဦးသိန်းထွေး၊ နည်းပြ ဦးထွန်းထွန်းဦး၊ ဦးမိုးဇော်နှင့် ဦးကျော်စိုးလှိုင်နှင့် ကစားသမား ၂၅ ဦးတို့ လိုက်ပါသွားသည်။

ယင်းအသင်းကို ကိုင်တွယ်ရန် ပါကစ္စတန်နိုင်ငံသား Mr. Zahid Ali အား ငှားရမ်းထားပြီး မလေးရှားနိုင်ငံသို့ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

မြန်မာအမျိုးသားဟော်ကီအသင်းသည် မေ ၉ ရက်မှ မေ ၇ ရက်အထိ မလေးရှားနိုင်ငံ၌ နေထိုင်လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းသည် ၂၀၁၃၊ ၂၀၁၅ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတို့တွင် နှစ်ကြိမ်ဆက်တိုက်တတိယဆု ရယူထားနိုင်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# လက်ရှိချန်ပီယံရတနာပုံ အဝေးကွင်း၌ အနိုင်ရ

**ရန်ကုန် မေ ၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို ယနေ့ ညနေ ၄ နာရီက ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက နေပြည်တော်အသင်းကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံရတနာပုံအသင်းသည် အဝေးကွင်း၌ နိုင်ပွဲရယူနိုင်ခဲ့ပြီး တတိယနေရာတွင် ဆက်လက်ရပ်တည်ကာ ထိပ်ဆုံးမှ ရန်ကုန်၊ ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းတို့ကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ယခုပွဲတွင် ဂိုးပြတ်အနိုင်ရသင့်သော်လည်း သုံးဂိုးသွင်းအပြီးတွင် နှစ်ဂိုးပြန်ပေးခဲ့ရသောကြောင့် ကပ်၍အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ပွဲပယ်ခံထားရသည့် နေမျိုးအောင်မှလွဲ၍ လူစုံပွဲထွက်ခဲ့ပြီး နေပြည်တော်အသင်းသည်လည်း အိမ်ကွင်းတွင် အမာခံကစားသမားအစုံအလင်ဖြင့် ရင်ဆိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက နေပြည်တော်ဘက်သို့ ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၆ မိနစ်တွင် သက်နိုင်၊ ၃၂ မိနစ်တွင် အောင်သူတို့ အပိုင်ကန်သွင်းခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် ရတနာပုံအသင်းဂိုးရခဲ့ပြီး လှိုင်းဘိုဘိုက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင်လည်း ရတနာပုံအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၅၈ မိနစ်တွင် လှိုင်းဘိုဘို၊ ၆၇ မိနစ်တွင် သက်နိုင်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ သုံးဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် နေပြည်တော်အသင်းပြန်လည်ဖိကစားနိုင်ခဲ့ပြီး မိနစ် ၇၀ တွင် ဘမ်ဘာ၊ ၈၁ မိနစ်တွင် အီဗရာဟင်မ်တို့က ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် ရန်ကုန်အသင်းက ၃၁ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ရှမ်းယူနိုက်တက်က ၂၅ မှတ်၊ လက်ရှိချန်ပီယံရတနာပုံက ၂၄ မှတ်၊ ဧရာဝတီအသင်းက ၁၈ မှတ်၊ ရခိုင်နှင့်ဇွဲကပင်အသင်းက ၁၄ မှတ်စီ၊ မကွေးအသင်းက ၁၃ မှတ်၊ GFA နှင့် နေပြည်တော်တို့က ကိုးမှတ်စီ၊ Southern နှင့် ဟံသာဝတီတို့က ရှစ်မှတ်စီ၊ ချင်းယူနိုက်တက်က ခုနစ်မှတ်ရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ**

# မန်ယူအဝေးကွင်း၌ ဆန်းဒါးလန်းကို ဂိုးပြတ်အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၃၂) အဖြစ် ဆန်းဒါးလန်းနှင့်မန်ယူတို့ ဧပြီ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက အဝေးကွင်းကစားရသော်လည်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယခုပွဲမတိုင်မီ သရေနှစ်ပွဲဆက်တိုက်ကစားခဲ့ရသောမန်ယူ ဖိအားများနေသဖြင့် အနိုင်ရရေးကြိုးစားခဲ့ပြီး ဆန်းဒါးလန်းကလည်း တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရေး ကြိုးစားခဲ့သည်။ မန်ယူအတွက် အဖွင့်ဂိုးကို မိနစ် ၃၀ တွင် မိုဗစ်က သွင်းယူပေးပြီး ၄၃ မိနစ်တွင် ဆန်းဒါးလန်းမှ လာဆင် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ မန်ယူအတွက် ဒုတိယဂိုးကို ၄၆ မိနစ်တွင် မစ်ခီတာရန်ကသွင်းယူပေးကာ ပွဲပြီးခါနီး ၈၉ မိနစ်တွင် မိုဗစ်၏ဖန်တီးပေးမှုမှတစ်ဆင့် ရက်စ်ဖို့ဒ်က သွင်းယူပေးကာ အနိုင်ရရှိခဲ့သည်။ ပရီမီယာလိဂ်ဇယားထိပ်တွင် ချယ်လ်ဆီးက ၇၅ မှတ်ဖြင့် ဦးဆောင်နေပြီး ဒုတိယနေရာမှ စပါးက ၆၈ မှတ် ရရှိထားသည်။ မန်ယူမှာ ၅၇ မှတ်ဖြင့် အဆင့် ၅ နေရာ၌ ရပ်တည်နေသည်။

**သီဟ**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက္ကူမြင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀" 45 Gsm(High Bright) - | ၈၀၀၀ တန် | (နိုင်ငံခြားငွေ) |
| | | ၂၀၀၀ တန် | (မြန်မာငွေ) |
| (ခ) | Web Ink | | |
| | Black | ၁၁၀၀၀၀ ကီလို | (နိုင်ငံခြားငွေ) |
| | Cyan | ၉၈၁၀၀ ကီလို | (နိုင်ငံခြားငွေ) |
| | Magenta | ၈၈၀၀၀ ကီလို | (နိုင်ငံခြားငွေ) |
| | Yellow | ၉၈၀၀၀ ကီလို | (နိုင်ငံခြားငွေ) |
| | Fountain Solution | ၁၁၀၀၀ လီတာ | (နိုင်ငံခြားငွေ) |
| (ဂ) | CTP Plate (Fuji System) (889x609x0.3)mm | ၂၅၀၀၀ ချပ် | (နိုင်ငံခြားငွေ) |
| (ဃ) | CTP Plate (Kodak System) (889x577x0.3)mm | ၃၀၀၀၀ ချပ် | (မြန်မာငွေ) |
| (င) | CTP Plate (Kodak System) (889x609x0.3)mm | ၉၅၀၀၀ ချပ် | (မြန်မာငွေ) |
| (စ) | Developer(Fuji System) | ၂၅၀၀ လီတာ | (နိုင်ငံခြားငွေ) |
| (ဆ) | Developer(Kodak System) | ၁၃၀၀၀ လီတာ | (မြန်မာငွေ) |
| (ဇ) | Replenisher | ၁၁၈၀၀ လီတာ | (နိုင်ငံခြားငွေ) |
| (ဈ) | Gum Arabic | ၂၅၀၀ လီတာ | (မြန်မာငွေ) |
| (ည) | Plate Cleaner | ၁၀၀၀ လီတာ | (မြန်မာငွေ) |
| (ဋ) | Sponge | ၆၈၀ ခု | (မြန်မာငွေ) |


၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၉-၄-၂၀၁၇ရက်မှ ၂-၅-၂၀၁၇ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၅-၂၀၁၇ရက် နံနက် ၉နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**






## ကန့်ကွက်နိုင်ပါသည်

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၂/၃-သလ္လာမြို့သစ်၊ ဦးပိုင်အမှတ်၆လမ်း၊ ၁၁၉၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေအား အမှုတွဲအမှတ် ၁၇၈၉/၁၉၉၃-၁၉၉၄အရ တပ်ကြပ်ကြီး မြင့်လွင် ဆ·သ·ရမ ၁၁၁၁ မန္တလေး အမည်ဖြင့် နှစ်၃၀ဂရန်ရရှိထားသော မြေအား တပ်ကြပ်ကြီးမြင့်လွင်မှ ဦးစိန်ဝင်း ထံသို့ အရပ်စာချုပ်ဖြင့် ရောင်းချခဲ့၍ လက်ရှိထား ပိုင်ဆိုင်သောဝင်းမြေဖြစ်ပါသည်။ ဦးစိန်ဝင်းမှတစ်ဆင့် သာသနာပြုလုပ်ငန်းကိစ္စများ ဆောင်ရွက်နိုင်စေရန် မဟာသဒ္ဓါရုံ ဆရာတော် ဘဒ္ဒန္တပညာနန္ဒာဘိဝံသထံသို့ လှူဒါန်းခဲ့ပါသည်။ သာသနာပြုလုပ်ငန်း၌ဖြစ်စေ၊ ပရဟိတလုပ်ငန်းကိစ္စတို့၌ဖြစ်စေလိုအပ်သလို သုံးစွဲနိုင်ရန် နဝကမ္မ ဝတ္ထုငွေကပ်လှူခဲ့သော ဦးကျော်စိုးမန်းထံသို့ ဆရာတော်မှအဆိုပါမြေကွက်အား ပြန်လည်စွန့်လွှတ်ခဲ့သဖြင့် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ရရှိပြီးလည်းဖြစ်ပါသည်။ ယခုအခါ တပ်ကြပ်ကြီးမြင့်လွင် အမည်ဖြင့် မြေငှားစာချုပ် ပျောက်ဆုံးသွားပါ၍ ကျွန်တော့်အနေဖြင့် တပ်ကြပ်ကြီးမြင့်လွင်အမည်ပေါက် မြေငှားစာချုပ် မိတ္တူ ပြန်လည်လျှောက်ထားသွားမည် ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ ယခုကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကျော်စိုးမန်း ၅/ဒပယ(နိုင်)၀၇၇၅၀၃**
**အောင်ပင်စည်ကျေးရွာ၊ ဒီပဲယင်းမြို့နယ်၊ ဖုန်း-၀၉-၄၀၀၅၅၂၁၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ (၆၀)ရပ်ကွက်၊ $L_{17}$၊ မြေကွက်အမှတ် ၁၂၅၄+၁၂၅၅၊ မြေချိန်ဧရိယာ ပေ(၄၀×၆၀ + ၄၀×၆၀)၊ စုစုပေါင်း မြေနှစ်ကွက်၊ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးစံ (ဘ)ဦးသိန်းဟန် ၁၀/မလန(နိုင်)၀၀၁၄၅၆က မိမိတစ်ဦးတည်းပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းဝယ်လွှဲပြောင်းနိုင်ခွင့်ရှိပါကြောင်း ထုတ်ဖော်ပြောဆိုဝန်ခံချက်အရ ကျွန်ုပ်၏အမှုသည် ဒေါ်မေဇင်သီလတ် ၁၂/ပဘတ(နိုင်)၀၂၉၈၅၅က ဝယ်ယူရန် သဘောတူညီပြီး အရောင်းတန်ဖိုးငွေတစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်လိုသူများသည် ယခု ဤကြော်ငြာပါရှိပြီး ၁၄ ရက်အတွင်း ခိုင်လုံသော မှတ်ပုံတင်ပြီးစာချုပ်များနှင့် တရားရုံးဒီကရီမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဇင်သီလတ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ B.Sc, RL(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၀၉)**
**တိုက် ၁၅၈၊ အခန်း ၄၅၊ ၆လွှာ(ယာ)၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၀၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၃၈)ရှိ (Thanlwin Condominium)သုံးလွှာ၊ အကျယ်အဝန်း ၂၆၀၀ စတုရန်းပေဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းအပါအဝင် ၄င်းနှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ Green Vision Construction Co.,Ltd. ကိုယ်စား မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးဉာဏ်မင်းထွဋ် ၁၂/ရကန(နိုင်)၀၆၅၉၃၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအားလုံးနီးပါးကို ပေးချေထားပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းအား လက်ဝယ်လက်ရောက်ရယူထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင် LL.B., D.B.L.,D.M.L ဒေါ်ဖြူဖြူနိုင် LL.B.,D.B.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B., D.B.L.,D.I.L.,D.M.L) အထက်တန်းရှေ့နေ**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ဇေယျာရပ်ကွက်နေ ဦးအောင်ကျော်-ဒေါ်နုနုရင်တို့ပိုင်ဆိုင်သော ကွင်းအမှတ် ၇၉၇၊ ရွာထောင်အရှေ့၊ ဦးပိုင်အမှတ် ခ-၁၅၆၊ ခ-၁၅၇၊ ခ-၁၅၈၊ ခ-၁၅၉၊ ယခင်အကွက်အမှတ် ၇၅၊ ၇၆၊ ၇၇၊ ၇၈ ကို သားသမီးများဖြစ်သော မဥမ္မာကျော်၊ မောင်ထွန်းထွန်းကျော်၊ မအိအိကျော်တို့အမည်ဖြင့် ဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မဥမ္မာကျော် ၅/စကန(နိုင်)၀၀၃၄၀၇**
**မောင်ထွန်းထွန်းကျော် ၅/စကန(နိုင်)၀၀၁၃၇၅**
**မအိအိကျော် ၅/စကန(နိုင်)၁၅၂၉၃၄**
**အိမ်အမှတ် ၅၁၈၊ ဇေယျာရပ်ကွက်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၄၀၂၇၀၁၂၃၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဘန့်ပွေးကုန်းကြီးကျေးရွာနေ ဦးလှမြင့်နှင့် ဒေါ်ညွန့်ရီတို့၏သား မောင်တင်ထွန်းနိုင် ၇/သကန(နိုင်)၁၀၉၇၂၇ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမလိုက်နာဘဲ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ဒုက္ခပေးနေခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးလှမြင့် ၇/သကန(နိုင်)၀၁၁၄၃၄**

# သင်္ကြန်သံချပ်အဖွဲ့များ ဒိုးသံဝေဝေစည်

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)**

**ဓာတ်ပုံ-ဘော်ဂါသွေး**



သင်္ကြန်ရက်များက တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ သင်္ကြန်ကိုကြိုသော သီချင်းသံများကို ပို၍ပို၍ ကျယ်ကျယ်လောင်လောင် ကြားလာရပြီဖြစ်သည်။

သင်္ကြန်နှင့်အတူ တစ်သားတည်းရှိနေသော သင်္ကြန်အဖွဲ့များကိုလည်း လှုပ်လှုပ်ရှားရှား တွေ့မြင်လာရပြီဖြစ်သကဲ့သို့ သင်္ကြန်ဒိုးသံများကိုလည်း ဝေဝေစည်စည် ကြားလာရပြီဖြစ်သည်။

ပြည်သူ့မော်ကွန်း သံချပ်အဖွဲ့မှ ဦးစိန်ဝင်းက "ဒီနှစ် တရားဝင် ဆင်ဆာတင်တဲ့အဖွဲ့က ၂၇ ဖွဲ့ရှိပါတယ်။ အချို့'အနီ'အသင်းတွေကတော့ ဆင်ဆာမတင်တဲ့အတွက် မသိပါဘူး၊ အကြမ်းဖျင်းတော့ အဖွဲ့ ၃၀ ကျော်လောက်တော့ ရှိနိုင်ပါတယ်"ဟု ဆိုသည်။ အစိုးရသစ်တက်လာပြီးနောက် ပထမဆုံးသင်္ကြန်ဖြစ်သည့် ယမန်နှစ်က သင်္ကြန်တွင် သံချပ်စာသားများကို ဆင်ဆာမတင်ရသော်လည်း ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ သက်ဆိုင်ရာအဖွဲ့သို့ သံချပ်စာသားများ ဆင်ဆာတင်ကြရသည်ဟု သင်္ကြန်အဖွဲ့ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။ ဆင်ဆာလုံးဝလွတ်သော သင်္ကြန်အဖွဲ့များကို ဧပြီ ၄ ရက်ကစတင်ပြီး ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အကယ်ဒမီယဉ်ကျေးမောင်အဖွဲ့မှ ဦးခင်မောင်ဇော်က "ကျွန်တော့်အဖွဲ့က ဆင်ဆာထိလို့ ဒီကနေ့ပဲ သွားပြန်ပြင်ရတယ်။ ကျွန်တော့်သံချပ်တွေက ပြည်သူတို့တွေရဲ့ရင်ထဲကို ဝင်ခံစားကြည့်ပြီးမှ ရေးတာပါ။ သင်္ကြန်သမားပြန်ရင် အမှန်တရားကတော့ ကျန်ခဲ့ရမှာပေါ့"ဟု ဧပြီ ၅ ရက်က တွေ့ဆုံစဉ် ပြောဆိုသည်။

ပစ်တိုင်းထောင်အဖွဲ့မှ ဦးလှရွှေက "ဒီနှစ် ငြိမ်းချမ်းရေးကို အဓိကထားတယ်။ YBS ရဲ့ကမောက်ကမ ဖြစ်ခဲ့တာလေးတွေနဲ့ ဘယ်အစိုးရလက်ထက်မှ မကျနိုင်တဲ့ ကုန်ဈေးနှုန်းကို အဓိကထား သံချပ်ထိုးသွားမှာပါ"ဟု ဆိုသည်။

ယခုနှစ်တွင် ပစ်တိုင်းထောင်၊ အကယ်ဒမီယဉ်ကျေးမောင်၊ အပ္ပမာဒေန သမ္ပာဒေထ၊ ကျွန်ုပ်တို့သည်၊ သာကီနွယ်၊ မောင်မောင်ဆိုလေ ထီးရိုးရှည်၊ ဒို့ခေတ်နဲ့အပြိုင်၊ တန်ခူးဘုရင်၊ ရွှေမြန်မာ၊ ပြီးပါပြီ၊ မြန်မာပြည်နိဒါန်း၊ သင်္ကြန်မင်းသားကြီး၊ အွန်လိုင်းလေထန်ကုန်း၊ ပြည့်သည်၊ ဆူးကြားမှဘူးခါး၊ ခေတ်ပါးစပ် စသည့် သင်္ကြန်အဖွဲ့များ ထွက်ကြမည်ဟု သိရသည်။

မဟာသင်္ကြန်ကိုကြို၍ ဧပြီ ၈ ရက်မှ ၁၁ ရက်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုကိုဖော်ဆောင်သည့်ပွဲတွင်လည်း သင်္ကြန်အဖွဲ့ ၁၄ ဖွဲ့က တစ်ရက်လျှင် လေးဖွဲ့စီဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး လိုအပ်သော ရက်နှင့် အချိန်များတွင် တန်ခူးဘုရင်အဖွဲ့က ဖြည့်ဆည်းဖျော်ဖြေသွားမည်ဖြစ်ကြောင်း အဆိုပါ ပြည်သူ့ရင်ပြင်ပွဲ ဖြစ်မြောက်ရေးစီစဉ်သူ ကိုနိုင်က ပြောကြားသည်။

ပြည်သူ့မော်ကွန်းအဖွဲ့မှ ခေါင်းဆောင်ဦးစိန်ဝင်းက"မနှစ်က ဆူးကြားမှဘူးခါး အဖွဲ့မှာပါ။ ဒီနှစ်မှာ သင်္ကြန်မျိုးဆက်သစ်လူငယ်တွေ မွေးထုတ်ချင်တာနဲ့ ပြည်သူ့မော်ကွန်းအဖွဲ့ကို တည်ထောင်ခဲ့ပါတယ်။ အဖွဲ့တွေသာ ထောင်ကြတာ။ ရန်ကုန်မှာ ဆုပေးမဏ္ဍပ်တွေက အလွန်နည်းပါတယ်။ ဖိတ်ခေါ်တဲ့ ရပ်ကွက်တွေရဲ့ပလက်ဖောင်းပေါ်မှာ ဖျော်ဖြေကြရတာ များပါတယ်။ နောက် သင်္ကြန်အဖွဲ့တွေအနေနဲ့ စပွန်ဆာရှာရပါတယ်။ အချို့စပွန်ဆာသမားတွေက ပြပွဲဆန်ဆန်၊ ပြိုင်ပွဲဆန်ဆန်နဲ့ စီးပွားရှာတဲ့ပုံသဏ္ဌာန်တွေ ရှိနေကြပါတယ်။ ကတိမတည်တာတွေကြောင့် သင်္ကြန်အဖွဲ့တွေအနေနဲ့ ကြိုတင်ပြင်ဆင်ရတဲ့စရိတ်တွေ ဆုံးရှုံးပြီး မထွက်နိုင်တာတွေလည်း ရှိခဲ့ပါတယ်"ဟု သင်္ကြန်ကာလတွင် ဖြစ်ပျက်လေ့ရှိသည်များနှင့် သံချပ်အဖွဲ့များ ကြုံတွေ့ရသည့် အဆင်မပြေမှုများကို ရှင်းပြသည်။

ယခုနှစ်တွင် ဆုပေးမဏ္ဍပ်များအဖြစ် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Forever Group မဏ္ဍပ်က စွယ်စုံဆုကြီးတွင် ပထမဆုအဖြစ် ကျပ်သိန်း ၃၀၊ ဒုတိယဆုအဖြစ် ကျပ်သိန်း ၂၀ နှင့် တတိယဆုအဖြစ် ကျပ် ၁၀ သိန်းချီးမြှင့်မည်ဖြစ်ကာ သံချပ်ဆုများအဖြစ် ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်းနှင့် တတိယဆု ကျပ်ငါးသိန်းအထိ ဆုများချီးမြှင့်မည်ဖြစ်သကဲ့သို့ ၇၂ နှစ်တိုင်တိုင် ခိုင်မာစွာ ရပ်တည်ခဲ့သော ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၆ လမ်းထိပ်ရှိ ဗမာသစ်ဆုပေးမဏ္ဍပ်၊ သဃ်န်းကျွန်းမြို့နယ် (၉)မြောက်ရပ်ကွက်ရှိ ဆုပေးမဏ္ဍပ်၊ ရွှေစင်ဆုပေးမဏ္ဍပ်၊ သုဝဏ္ဏနယ်မြေမှ (၂၄/၂၉) ဆုပေးမဏ္ဍပ်များမှာ သင်္ကြန်အဖွဲ့များ အားထားရာမဏ္ဍပ်များ ဖြစ်ကြသည်။

ထို့အတူ သင်္ကြန်သံချပ်ကိုမြတ်နိုးသူ ရပ်ကွက်များက ဖိတ်ခေါ်မှုများလည်း ရှိကြသည်ဖြစ်ရာ ယခုနှစ်သင်္ကြန်ပွဲတော်တွင် သင်္ကြန်အဖွဲ့များ၏ သင်္ကြန်ဒိုးသံများ မြို့နယ်အနှံ့ ဝေစည်နေဦးမည်သာ ဖြစ်ပေသည်။ ။

**ပစ်တိုင်းထောင်အဖွဲ့မှ ဦးလှရွှေက "ဒီနှစ် ငြိမ်းချမ်းရေးကို အဓိကထားတယ်။ YBS ရဲ့ကမောက်ကမ ဖြစ်ခဲ့တာလေးတွေနဲ့ ဘယ်အစိုးရလက်ထက်မှ မကျနိုင်တဲ့ ကုန်ဈေးနှုန်းကို အဓိကထား သံချပ်ထိုးသွားမှာပါ"ဟု ဆိုသည်။ ယခုနှစ်တွင် ပစ်တိုင်းထောင်၊ အကယ်ဒမီယဉ်ကျေးမောင်၊ အပ္ပမာဒေန သမ္ပာဒေထ၊ ကျွန်ုပ်တို့သည်၊ သာကီနွယ်၊ မောင်မောင်ဆိုလေ ထီးရိုးရှည်၊ ဒို့ခေတ်နဲ့အပြိုင်၊ တန်ခူးဘုရင်၊ ရွှေမြန်မာ၊ ပြီးပါပြီ၊ မြန်မာပြည်နိဒါန်း၊ သင်္ကြန်မင်းသားကြီး၊ အွန်လိုင်းလေထန်ကုန်း၊ ပြည့်သည်၊ ဆူးကြားမှဘူးခါး၊ ခေတ်ပါးစပ် စသည့်သင်္ကြန်အဖွဲ့များ ထွက်ကြမည်ဟု သိရသည်**



## လိုင်စိတ်ကြွဆေး ရောင်းချခြင်းမရှိစေရန် ဆေးဆိုင်များကို စစ်ဆေးပညာပေး

**တနင်္သာရီ ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းမှ ဆေးမျိုးစုံ လက်လီအရောင်းဆိုင်များ၌ သင်္ကြန်ပွဲတော်ကာလတွင် လိင်စိတ်ကြွဆေးများ ရောင်းချခြင်းမရှိစေရန်အတွက် ပူးပေါင်းအဖွဲ့များက ဧပြီ ၇ ရက်မှစ၍ ပညာပေးစစ်ဆေးမှုများ လိုက်လံဆောင်ရွက်နေကြောင်း သိရသည်။

ဆေးဝါး လက်လီရောင်းချသူများအနေဖြင့် လိုင်စင် ရှိ/မရှိ၊ ရှိပါက လိုင်စင်ပါ အချက်အလက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိနှင့် လိင်စိတ်ကြွဆေးများ ရောင်းချခြင်း ရှိ/မရှိ စသည်တို့ကို မြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်တို့က ဦးဆောင်ပြီး မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာလင်းထိုက်၊ တနင်္သာရီမြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခြင်းဖြစ်သည်။

ဧပြီ ၇ ရက်က လိုက်လံစစ်ဆေးခဲ့ရာတွင် ဆေးဝါးလက်လီအရောင်းဆိုင် ငါးဆိုင်ကို စစ်ဆေးခဲ့ပြီး သင်္ကြန်ပွဲတော်ကာလအတွင်း လိင်စိတ်ကြွဆေးများ ရောင်းချခြင်း မပြုကြရန်နှင့် ထိုးဆေးများ၏ ဆိုးကျိုးများနှင့် နောက်ဆက်တွဲ ပြဿနာများအကြောင်းကို ဆေးဆိုင်ပိုင်ရှင်များအား ပညာပေးရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## နိုင်ငံတကာအဆင့်မီဖွင့်လှစ်ခဲ့သည့် အရေးပေါ် ကယ်ဆယ်ရေးသင်တန်းဆင်း

**စစ်ကိုင်း ဧပြီ ၉**

စစ်ကိုင်းမြို့ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီးက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေး သင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က အသင်းကြီးတည်ရှိရာ လေးကျွန်းမြေအုဋ္ဌကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးဇဟိုအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဓမ္မပီယာလင်္ကာရက ဩဝါဒမိန့်ကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ အထက်မြန်မာပြည်တာဝန်ခံ ဦးလှိုင်မင်းဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။



ထို့နောက် သင်တန်းသား သင်တန်းသူများက သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းသို့ စုပေါင်းလှူဒါန်းသည့်အလှူငွေများကိုကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ Pest In Peace Group လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးညီညီထွေးက အသင်းကြီး၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ထံ ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အဖွဲ့လိုက်/တစ်ဦးချင်း ထူးချွန်ဆုရရှိသူများကို ငွေသားဆုနှင့် ဆုတံဆိပ်ဆွဲပြားများ ချီးမြှင့်ပေးအပ်ပြီး ဆုရရှိသည့်အဖွဲ့များက အရေးပေါ် ကယ်ဆယ်ရေးစွမ်းရည်များ ပြသခဲ့ကြကာ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်းနှင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုကယ်ဆယ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါသင်တန်းကိုအထက်မြန်မာပြည် (Myanmar RESCUE)အဖွဲ့မှ သင်တန်းနည်းပြများက ဧပြီ ၂ ရက်မှ ၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကာ သင်တန်းသို့ စစ်ကိုင်း၊ ရွှေဘို၊ ကန့်ဘလူ၊ မြစ်ကြီးနား၊ စဉ့်ကူး၊ စဉ့်ကိုင်၊ ကျောက်ဆည်နှင့် မြင်းခြံမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၇၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ဖြူးမြို့နယ်၌ နွေရာသီ ကင်းထောက်လူငယ် သင်တန်းဖွင့်

**ဖြူး ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နွေရာသီ ကင်းထောက်လူငယ်သင်တန်းကို ဧပြီ ၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ တောင်ငူခရိုင်ပညာရေးမှူး ဒေါက်တာဒေါ်ဥမ္မာထွန်းနှင့် တောင်ငူခရိုင် ကင်းထောက်အဖွဲ့ခေါင်းဆောင် ဦးပွင့်သူအောင်တို့က အမှာစကားပြောကြားပြီး ဖြူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းသို့ ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၆ ရက်မှ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်မည်

**ဖြိုးလွင်အောင် (AMIA)**
**ဓာတ်ပုံ- ကေဇူး (AMIA)**




မြန်မာ့မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မေ ၄ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် စပါး၊ ဆီထွက်သီးနှံ အပါအဝင် သီးနှံမျိုးစုံ မျိုးကောင်း မျိုးသန့် ထုတ်လုပ်နိုင်ရန်အတွက် လာရောက်လျှောက်ထားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် တောင်သူဦးရေ ၁၀၀၀ ကျော်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(နည်းပညာ)မှ သတင်းစိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောသည်။

"မျိုးကောင်း၊ မျိုးသန့်ရဖို့နဲ့ မျိုးသန့်လိုအပ်ချက်ကြောင့် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်လိုတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ တောင်သူတွေက ဖိတ်ခေါ်ခဲ့တာပါ။ နည်းပညာနဲ့ မျိုးစေ့တွေကို အခမဲ့အကူအညီပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခင်က တောင်သူများကို ပုလဲသွယ်မျိုးစပါးတစ်မျိုးကိုသာ ထုတ်ရောင်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းစပါးအမျိုးအစားမှာ အထွက်နှုန်းတိုးသော်လည်း စားသုံးမှုနည်းပါးသည့်အတွက် ဈေးကွက်တွင် ဝယ်ယူသူနည်းပါးကြောင်း တောင်သူများက ဆိုသည်။

သုံးခွမြို့နယ်မှ လယ်သမား ကိုခိုင်ဇော်က "အရင်အစိုးရ ရောင်းပေးတဲ့ ပုလဲသွယ်က လယ်မြေတိုင်းမှာ စိုက်လို့မရဘူး။ မြေရွေးတယ်။ အဲ့ဒီအမျိုးအစားက အထွက်နှုန်းတိုးပေမယ့် စားတဲ့သူ နည်းတယ်"ဟု ပြောသည်။

လတ်တလောတွင် မျိုးစေ့ပူးပေါင်းထုတ်လုပ်လိုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ လုပ်ငန်းရှင် ၄၂ ဦး၊ စိုက်ဧကပေါင်း ၈၅၀၀၊ တောင်သူ ၁၀၀၀ ကျော်က စိုက်ဧကပေါင်း ၈၁၀၀ တွင် မျိုးစေ့ထုတ်လုပ်ရန် အဆိုပြုထားပြီး လာမည့် မိုးစပါးစိုက်ပျိုးချိန် ရာသီ၌ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစေ့ပူးပေါင်းထုတ်လုပ်သည့် အစီအစဉ်ကို လျှောက်ထားနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆိုပြုလွှာများ ခေါ်ယူနေကြောင်းလည်း သိရသည်။

# ရေကြီးနစ်မြုပ်သီးနှံပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**ဟင်္သာတ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၌ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအပေါ် ပြည်ထောင်စုအစိုးရ၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့သည့် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၆ ရက်က ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်တို့မှ ၂၀၁၆-၂၀၁၇ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ၁၁၈ အုပ်စုမှ တောင်သူ ၁၅၄၅၈ ဦး၏ မိုးစပါးနှင့်အခြားသီးနှံများပျက်စီးခဲ့သည့် လယ်ယာမြေ ၅၀၇၇၄ ဧကအတွက် ထောက်ပံ့ငွေကျပ် ၅၀၇၇၆၀၀၀၀ ကို ဟင်္သာတခရိုင် ခြောက်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဟင်္သာတခရိုင်အနေဖြင့် ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေ နစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးစပါးပျက်စီးမှုလယ်ကေများအတွက် တစ်ကေလျှင် ငွေကျပ် ၁၀၀၀၀ ၊အခြားနှစ်ရှည်သီးနှံများပျက်စီးမှုအတွက် တစ်ကေလျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းထံမှ သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

**စက်မှု၊ မြို့ပြဖွံ့ဖြိုးရေး၊**
**ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပေး။**

# အပိတ်ခံခဲ့ရသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများ ပြန်ဖွင့်ပေးမည်ဆိုသော်လည်း အခြေအနေမထူးသေး

**ဖြိုးလွင်အောင် (AMIA)**

၂၀၁၅ ခုနှစ်အတွင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ဘဏ်များ၌ ပိတ်သိမ်းခံခဲ့ရသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို စိစစ်ပြီး ပြန်လည်ဖွင့်လှစ်ပေးသွားရန် ယူနန်ပြည်နယ်အစိုးရက သဘောတူထားသော်လည်း လက်ရှိအချိန်ထိ အခြေအနေ ထူးခြားမှုမရှိသေးကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရသည်။

မူဆယ်နယ်စပ်တွင် အရောင်းအဝယ်လုပ်နေသည့် မြန်မာကုန်သည်များသည် တရုတ်ကုန်သည်များနှင့် အရောင်းအဝယ်၊ ငွေပေးချေမှုများလုပ်ရာတွင် လွယ်ကူစေရန်အတွက် ယူနန်ပြည်နယ်ရှိ ဘဏ်များ၌ စာရင်းဖွင့်လှစ်ထားခြင်းဖြစ်ပြီး ယူနန်ပြည်နယ်အစိုးရက မူးယစ်ဆေးဝါးကုန်သွယ်မှု သံသယရှိသူများ၊ တရားမဝင်ကုန်သွယ်မှုသံသယရှိသူများ၏ ဘဏ်အကောင့်များနှင့်အတူ ပိတ်သိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးချမ်းသာဦးက ပြောသည်။

"ဘဏ်စာရင်းတွေ ပြန်ဖွင့်ပေးဖို့ နှစ်နိုင်ငံသဘောတူထားတယ် ဆိုပေမယ့် အခုချိန်ထိတော့ အကြောင်းမထူးသေးဘူး"ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံ၌ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် မူဆယ် ကုန်စည်ဒိုင်အသင်းဝင်ကုန်သည် ၂၂ ဦးအပါအဝင် အခြားကုန်သည်များ၏ ဘဏ်စာရင်းများကို တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင် ငွေလွှဲပြောင်းမှုများရှိသည်ဟုဆိုကာ ဘဏ်စာရင်းများကို ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းကို ဝင်ထားတဲ့ ဆန်ကုန်သည်၊ ပဲကုန်သည်၊ သကြားကုန်သည် စုစုပေါင်း ၂၂ ယောက်ကတော့ အပိတ်ခံရတဲ့အထဲမှာ ပါသွားတယ်။ အခြားကုန်သည်တွေလည်း အပိတ်ခံလိုက်ရတာရှိတယ်။ ဒါပေမယ့် အသင်းဝင်မထားတော့ ဘယ်နှစ်ယောက်ရှိတယ်ဆိုတာ မသိဘူး"ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် မြန်မာကုန်သည်များ၏ အပိတ်ခံထားရသည့် ဘဏ်စာရင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် ဘဏ်စာအုပ်အမည်၊ ဘဏ်စာအုပ်မိတ္တူ၊ ဘဏ်စာရင်းနံပါတ်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ပြီးခဲ့သည့် မတ်လ ၂၄ ရက်နေ့နောက်ဆုံး အရောက်ပို့ပေးကြရန် အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်ထားသည်။

မူဆယ်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်လုပ်နေသည့် ကုန်သည်အများစုသည် တရုတ်ကုန်သည်များနှင့် ငွေပေးချေမှု လွယ်ကူလျင်မြန်စေရန်အတွက် တရုတ်နိုင်ငံရှိ ဘဏ်များတွင် ငွေစာရင်းများဖွင့်လှစ်ထားကြကြောင်း သိရသည်။

# ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းအထိ တိုးမြှင့်တင်ပို့သွားမည်

**ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**



၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းအထိ တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၆ သန်းခန့် တင်ပို့နိုင်ခဲ့သည့်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ပဆန်တင်ပို့မှုထက် တန်ချိန်နှစ်သိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

"အခုဘဏ္ဍာနှစ်မှာတော့ တန်ချိန်နှစ်သန်းလောက် တင်ပို့နိုင်ဖို့ မှန်းထားတယ်။ တရုတ်ဘက်ရော၊ ဥရောပဈေးကွက်တွေကိုပါ တင်ပို့မှာပါ။

ယခုနှစ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းက တိုက်ပွဲတွေကြောင့် မူဆယ်နယ်စပ်လမ်းကြောင်းကတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုလျော့ကျနေသော်လည်း ပင်လယ်ရေလမ်းကြောင်းက အာဖရိကနိုင်ငံ ဈေးကွက်တွေကို ဆန်တင်ပို့မှုတိုးမြှင့်နိုင်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဒေါ်လာဈေးနှုန်းရရှိခဲ့ပြီး ယခုနှစ်တွင် ၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀ မှ ဒေါ်လာ ၃၀၀ သာ ရရှိကာ အခြားဆန်ချော တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဒေါ်လာခန့် ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းအတွင်းရေးမှူး ဦးအောင်မြင့်က "မနှစ်ကလောက် ဈေးမရပေမယ့် ဒီနှစ် ပြည်တွင်းမှာ ဒေါ်လာဈေးတက်နေတော့ ကုန်သည်တွေလည်း တွက်ခြေကိုက်ကြပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

# စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ၏ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပုဏ္ဏားကျွန်း၌ဆောင်ရွက်ပြီးစီး

**ပုဏ္ဏားကျွန်း မေ ၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အလယ်ကျွန်းကျေးရွာ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် လယ်မြေ ၁၇ ဧကကို အသေးစားအရင်းအနှီးချေးငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်း(တတိယတန်းစားမြေပြုပြင်ခြင်း)လုပ်ငန်းများကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ မတ်လနောက်ဆုံးပတ်က စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများသည် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တရားနှစ်စီးဖြင့် မြေညှိခြင်း၊ ကန်သင်းများပြုပြင်ခြင်း၊ ကေအကွက်များ ဖော်ဆောင်ခြင်းများ ပြုလုပ်လျက်ရှိရာ ယခုအခါ မြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းများအတွက် မြို့နယ်သမဝါယမဦးစီးဌာနအစီအစဉ်ဖြင့် တောင်သူများအား တစ်ကေလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ၁၇ ကေအတွက် ငွေကျပ် ၅၁ သိန်းထုတ်ချေးပေးကြောင်း ထုတ်ချေးငွေများကို သုံးနှစ်အတွင်း ခြောက်ရစ်ခွဲ၍ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးအောင်စိန်ထွန်းက ပြောသည်။

**ညသူ**

# စိုက်ခင်းများတွင် ပိုးမွှားကျရောက်မှုနည်းအောင် ကာကွယ်နိုင်သည့်နည်းလမ်းများရှိ

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မေမိုးသဲ**



စိုက်ခင်းအတွင်း ပိုးသတ်ဆေးပက်ဖျန်းနေစဉ်

တောင်သူဦးကြီးများအနေဖြင့် စိုက်ခင်းထဲတွင် ပိုးမွှားများကျရောက်ပါက တောင်သူများအနေဖြင့် ဓာတုပိုးသတ်ဆေးသုံးသည့်အခါတွင် ကောင်းကျိုးရှိသလို ဆိုးကျိုးများလည်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ပြောကြားမှုများရှိသည်။

“စိုက်ခင်းထဲမှာ ပိုးမွှားတွေကျရောက်ရင် ဓာတုပိုးသတ်ဆေးတွေ သုံးတဲ့အခါ ဆိုးကျိုးက ပိုများပါတယ်။ ဘာကြောင့်လဲဆိုရင် ဓာတုပိုးသတ်ဆေးတွေရဲ့ဒဏ်ကို ဖျက်ပိုးတွေထက် မိတ်ဆွေပိုးတွေကပိုပြီး ခံနိုင်ရည်မရှိပါဘူး။ အဲဒီအခါမှာ စိုက်ခင်းထဲက မိတ်ဆွေပိုးတွေ သေကုန်ပါတယ်။ စိုက်ခင်းထဲမှာ သဘာဝအတိုင်း ဖျက်ပိုးရှိသလို အဲဒီဖျက်ပိုးတွေကို စားတဲ့ တောင်သူတွေရဲ့ မိတ်ဆွေပိုးတွေလည်းရှိပါတယ်။ ဓာတုပိုးသတ်ဆေးတွေကို အသုံးပြုလိုက်တဲ့အခါမှာ ဖျက်ပိုးတွေနဲ့အတူ မိတ်ဆွေပိုးတွေလည်း သေကုန်ပါတယ်။ မိတ်ဆွေပိုးတွေ သေကုန်တဲ့အတွက် သဘာဝ မျှခြေပျက်သွားပါတယ်။ ဖျက်ပိုးတွေ တစ်ခါ ပြန်ပြီးများလာတဲ့အခါမှာ သူတို့ကို ထိန်းချုပ်မယ့် မိတ်ဆွေပိုးတွေ မရှိတော့တဲ့အတွက် အဆမတန်ပွားများလာတာမျိုးတွေ ဖြစ်လာပါတယ်။ ဓာတုပိုးသတ်ဆေးတွေကို စနစ်တကျ အသုံးမပြုရင် သီးနှံတွေမှာ ဓာတ်ကြွင်းအာနိသင်တွေ အများကြီးကျန်ပြီး လူတွေအတွက် အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဖျက်ပိုးတွေက ပိုးသတ်ဆေးယဉ်ပါးတဲ့ ပြဿနာတွေလည်း ဖြစ်လာနိုင်ပါတယ်” ဟု ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

စိုက်ခင်းများထဲတွင် ပိုးမွှားများကျရောက်ပါက ဓာတုပိုးသတ်ဆေးများကို အလွန်အကျွံမသုံးဘဲ ဘက်စုံပိုးမွှားကာကွယ်နည်းများကို အသုံးပြု၍ ဖြေရှင်းနည်းမှာ အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

“စိုက်ခင်းထဲမှာ ပိုးမွှားတွေကျရောက်ရင် ပိုးသတ်ဆေးမသုံးဘဲနဲ့ ကာကွယ်နိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်။ ကြိုတင်ကာကွယ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဥပမာ - စပါးဖြုတ်ညို ကာကွယ်ဖို့အတွက်ဆိုရင် ယူရီးယားဓာတ်မြေဩဇာကို တစ်ကြိမ်တည်း အများကြီးထည့်တာမဟုတ်ဘဲ နှစ်ကြိမ်၊ သုံးကြိမ်ခွဲပြီးထည့်သင့်ပါတယ်။ ယူရီးယားနဲ့အတူ ပိုတက်ရှ်မြေဩဇာကိုပါတွဲပြီး အတူတူထည့်ရင် ပိုကောင်းပါတယ်။ စပါးဖြုတ်ညိုဟာ စပါးခင်းထဲမှာ ရေရှိနေရင် သူတို့အတွက် အဆင်ပြေပါတယ်။ ဒါကြောင့် စပါးခင်းထဲကရေကို စိုတစ်ခါ ခြောက်တစ်လှည့်ထားရင် ဖြုတ်ညို ဖျက်ဆီးမှုကို ကာကွယ်နိုင်ပါတယ်။ ဖြုတ်ညိုဖျက်ဆီးမှုဒဏ်ကို ခံနိုင်ရည်ရှိတဲ့ စပါးမျိုးစိုက်ပြီး ကာကွယ်လို့ရပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

တောင်သူများအနေဖြင့် စိုက်ခင်းများတွင် ပိုးမွှားကျရောက်မှုနည်းအောင် ကာကွယ်နိုင်သည့် နည်းလမ်းများရှိကြောင်း သိရသည်။

“သီးနှံပင်စစိုက်ကတည်းက ခံနိုင်ရည်ရှိတဲ့မျိုးကို စိုက်ပျိုးလို့ရပါတယ်။ စိုက်နည်းစနစ်တွေအရ ဖျက်ပိုးတွေကို ကာကွယ်လို့ရပါတယ်။ ဥပမာ - ဖျက်ပိုးကျလေ့ရှိတဲ့ အချိန်နဲ့လွဲပြီး စိုက်ချိန်ကို စောစိုက်တာ၊ နောက်ကျ စိုက်တာတွေ လုပ်လို့ရပါတယ်။ မိမိစိုက်ခင်း ပတ်ပတ်လည်မှာ ဖျက်ပိုးကြိုက်တဲ့ သီးနှံကိုစိုက်ထားရင် မိမိလိုချင်တဲ့သီးနှံမှာ ဖျက်ပိုးကျတာနည်းပြီး တခြားသီးနှံမှာ ဖျက်ပိုးကျနေမှာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်လျက်ရှိသည်။

လယ်ယာကဏ္ဍတွင် ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးနှင့် အခြားထိခိုက်ဆုံးရှုံးနစ်နာမှုများဖြစ်ခြင်း၊မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ ဆောင်ရွက်မှု အားနည်းခဲ့ခြင်း၊ မြေဆီလွှာအရည်အသွေး ကျဆင်းပျက်စီးလာခြင်းများနှင့်ရင်ဆိုင်နေကြရကြောင်း သိရသည်။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ကိုတင့်**

ပြေီလဆန်းပိုင်းမှာတော့ ဆန်ဈေးက တည်ငြိမ်နေပြီး အရောင်းအဝယ်တွေလည်း အေးနေပါတယ်။ မတ်ပဲနဲ့ပဲစင်းငုံကတော့ ဈေးအနည်းငယ်လောက်သာ အတက်အကျရှိနေပါတယ်။ ကြက်သွန်နီကတော့ ဈေးကျဆင်းသွားပြီး တခြားမီးဖိုချောင်ကုန်ပစ္စည်းတွေလည်း ဈေးအနည်းငယ်စီကျဆင်းသွားပါတယ်။

**ဆန်ဈေး အရောင်းအဝယ်အေး**

ပေါ်ဆန်း ( နယ်စုံ၊ဖျာပုံ၊ဒေးဒရဲ၊မြောင်းမြ၊ပုသိမ်၊ရွှေဘို)၊ ညှော့မထ၊ ငစိန်၊ မြီးတံုးတို့ဟာ မတ်လနောက်ဆုံးပတ်မှာ ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ပြေီလမှာတော့ ဈေးငြိမ်နေပြီး အရောင်းအဝယ်လည်း အေးနေပါတယ်။



ပေါ်ဆန်းက တစ်အိတ်ကိုငွေကျပ် ၂၆၅၀၀ ကနေ ၄၅၀၀၀ ပေါက်ဈေးရှိနေပြီး ညှော့မထ၊ ငစိန်၊ မြီးတုံးတို့ကတော့ တစ်အိတ်ကို ငွေကျပ် ၁၆၅၀၀ ကနေ ၂၂၀၀၀ ဈေးရှိနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ပဲစင်းငုံနီ (RC) တို့ဈေးအတက်အကျအနည်းငယ်သာရှိ**

မတ်လနောက်ဆုံးပတ်မှာ မတ်ပဲကငွေကျပ် ၁၀၉၀၀၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့် ပြေီလဆန်း ဈေးစဖွင့်တဲ့နေ့မှာတော့ ငွေကျပ် ၁၀၆၈၀၀၀ နဲ့စဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်း တစ်သောင်းလောက်သာဈေးအတက်အကျအပြောင်းအလဲရှိခဲ့ပါတယ်။ လတ်တလောပေါက်ဈေးကတော့ ငွေကျပ် ၁၀၇၉၀၀၀ ရှိနေပါတယ်။

ပဲစင်းငုံကလည်း မတ်လနောက်ဆုံးပတ်မှာ ငွေကျပ် ၇၄၀၀၀၀ နဲ့ ဈေးပိတ်ခဲ့ပေမယ့် ပြေီလဆန်း ဈေးစဖွင့်တဲ့ နေ့မှာတော့ငွေကျပ် ၇၃၄၅၀၀ နဲ့ ဈေးစဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ ထောင်ဂဏန်းလောက်သာ ဈေးအပြောင်းအလဲဖြစ်ခဲ့ပါတယ်။

**ကြက်သွန်ဖြူ (ကြူကုတ်) ဈေးအနည်းငယ်တက်**

ကြက်သွန်ဖြူ (ကြူကုတ်) က မတ်လတစ်လလုံးအကျဈေးနဲ့ရှိနေခဲ့ပေမယ့် ပြေီလဆန်းပိုင်းမှာတော့ တစ်ပိဿာကို ငွေကျပ် ၃၀၀ လောက်ဈေးတက်လာပြီး ဒီတစ်ပတ်မှာငွေကျပ် ၅၅၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်နီဈေးကျ**

ကြက်သွန်နီ(မြစ်သား)အမျိုးအစားက တစ်ပိဿာကို ငွေကျပ် ၄၀၀ နီးပါးအထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ တခြား ပခုက္ကူ၊ မုံရွာ၊ တောင်တွင်းကြီးအမျိုးအစားတွေကတော့ တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော်လောက် ဈေးကျဆင်းသွားပါတယ်။ လတ်တလော ပေါက်ဈေးကတော့ တစ်ပိဿာကိုငွေကျပ် ၅၅၀ ကနေ ၁၁၇၅ ကျပ် အတွင်း ပေါက်ဈေးရှိနေပါတယ်။

**နှမ်းမျိုးစုံ ဈေးငြိမ် နှမ်းနက် (စမုံ) အဈေးအနည်းငယ်ကျ**

နှမ်းမျိုးစုံက ဈေးငြိမ်နေပေမယ့် နှမ်းနက် (စမုံ) ကတော့ ဈေးကျဆင်းသွားပါတယ်။ မတ်လနောက်ဆုံးပတ်မှာ နှမ်းနက် (စမုံ)က ငွေကျပ် ၁၄၀၀၀၀ နဲ့ ဈေးပိတ်ခဲ့ပြီး ပြေီလဆန်းမှာတော့ တစ်အိတ်ကိုငွေကျပ် ၁၃၅၀၀၀ နဲ့ဈေးဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်း ငွေကျပ် ၁၀၀၀၀ လောက်ဈေးကျဆင်းခဲ့ပြီး လက်ရှိပေါက်ဈေးကငွေကျပ် ၁၂၈၀၀၀ သာရှိပါတယ်။

**နှမ်းညို**

နှမ်းညိုက လတ်တလောပေါက်ဈေး ငွေကျပ် ၈၄၀၀၀ ဈေးရှိပြီး ဈေးပြောင်းလဲမှု မရှိပါဘူး။

**နှမ်းဖြူ**

နှမ်းဖြူက လတ်တလောပေါက်ဈေး တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀ ရှိနေပါတယ်။

**ပန်းနှမ်း**

ပန်းနှမ်းကလည်း မတ်လနောက်ဆုံးပတ်မှာ တစ်အိတ်ကို ငွေကျပ် ၁၀၀၀လောက် ဈေးတက်လာပြီး လက်ရှိအချိန်ထိ တစ်အိတ်ကို ငွေကျပ် ၇၄၀၀၀ နဲ့ ဈေးအေးနေပါတယ်။

**စားအုန်းဆီဈေးကျဆင်း**

စားအုန်းဆီက မတ်လနောက်ဆုံးပတ်မှာ တစ်ပိဿာကို ငွေကျပ် ၁၈၅၀ ဈေးရှိခဲ့ပြီး ပြေီလဆန်းပိုင်းမှာတော့ တစ်ပိဿာကို ငွေကျပ် ၁၈၃၀ အထိ ဈေးကျဆင်းခဲ့ပါတယ်။ မတ်လတစ်လလုံး တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော် ကျဆင်းသွားခဲ့တာပါ။



**မန်ကျည်းတောင့် (ပခုက္ကူ) ဈေးပြန်တက်**

မကျည်းတောင့် (ပခုက္ကူ) က မတ်လ တတိယပတ်ကနေစပြီး ဈေးဆက်တိုက် ကျဆင်းခဲ့ပါတယ်။ ပြေီလဆန်းမှာတော့ ဈေးပြန်တက်ခဲ့ပြီး လတ်တလောပေါက်ဈေးက တစ်ပိဿာကို ငွေကျပ် ၁၅၆၀ ရှိနေပါတယ်။ တစ်ပတ်အတွင်း တစ်ပိဿာကို ငွေကျပ် ၂၀၀ လောက်ဈေးတက်ခဲ့ပါတယ်။

**ဖရဲသီး ၈၅၅ နဲ့ရွှေသခွားမွှေးသီး ဈေးပြန်တက်**

ဒီတစ်ပတ်မှာ ဖရဲသီး ၈၅၅ တစ်တန်ကို ငွေကျပ် ၃၈၂၀၀၀ အထိဈေးပြန်တက်လာပါတယ်။ မတ်လနောက်ဆုံးပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၃၀၀၀၀၀ ကျော်သာ ပေါက်ဈေးရှိခဲ့ပါတယ်။

ရွှေသခွားမွှေးသီးလည်း တစ်တန်ကို ငွေကျပ် ၉၅၀၀၀ အထိ ပေါက်ဈေးရှိနေပြီး တစ်တန်ကို ငွေကျပ် ၉၅၀၀၀ လောက် ဈေးမြင့် တက်ခဲ့ပါတယ်။

# ကျွန်းလှတွင် မိရိုးဖလာအိုးလုပ်ငန်းလုပ်ကိုင်သူများ ဈေးကောင်းရ၍အဆင်ပြေ



**ကျွန်းလှ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာတွင် မိရိုးဖလာအိုးလုပ်ငန်းလုပ်ကိုင်သူများ ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အိုးလုပ်ငန်းကို တန်ဆောင်မုန်းလဆန်းမှ တန်ခူးလကုန်အထိလုပ်ကိုင်ကြကြောင်း၊ အိုးလုပ်ရန်အဓိကကျသည့် ရွှံ့စေးမြေကို လှည်းတစ်စီးငွေကျပ် ၆၀၀၀ ပေးရကြောင်း ရှမ်းစုကျေးရွာမှအိုးလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်မြိုင်ကပြောသည်။

“ကျွန်တော်တို့ကျေးရွာမှာ ဘိုးဘွားမိဘတွေလက်ထက်ကတည်းက အိုးလုပ်ငန်းကို လက်ဆင့်ကမ်းလုပ်ကိုင်လာကြတာ နှစ် ၁၀၀ ကျော်ခဲ့ပါပြီ။ ရွာမှာ အိုးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ကျော်ရှိပါတယ်။ တချို့က မိသားစုလိုက်လုပ်ကြသလို တချို့ကတော့ အလုပ်သမားငှားကြပါတယ်။ တစ်နေ့အိုးအလုံး ၄၀ လောက်ပြီးတယ်။ ကုန်ကြမ်းပစ္စည်းဖိုးနဲ့အလုပ်သမားခနုတ်ရင် အိုးအလုံး ၂၀ အမြတ်ကျန်ပါတယ်” ဟု ၎င်းက ထပ်မံပြောပြသည်။

အဆိုပါအိုးများကို ကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်များသို့ သောက်ရေအိုးတစ်လုံးငွေကျပ် ၉၀၀၊ အိုးလတ်တစ်လုံးငွေကျပ် ၇၀၀၊ မီးသတ်အိုးနှင့် ပရိတ်အိုးတစ်လုံးငွေကျပ် ၄၀၀ ဖြင့်ရောင်းချရကြောင်းသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# သုံးနှစ်အရစ်ကျစနစ်ဖြင့် လယ်ယာမြေ ဧက ၃၀၀ ကျော် မြေညှိပြုပြင်ခြင်းဆောင်ရွက်ပေး

**ဖြိုးလွင်အောင် (AMIA)**
**ဓာတ်ပုံ- မေမိုးသဲ**



တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်အရစ်ကျစနစ်ဖြင့် လယ်ယာမြေ ဧက ၃၀၀ ကျော်ကို မြေညှိပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လယ်ယာမြေ ပြုပြင်လိုသည့် တောင်သူများအနေဖြင့် မိမိလယ်ယာမြေအနီးရှိ တောင်သူများနှင့် စုပေါင်းကာ ပြုပြင်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

"အခု လောလောဆယ်တော့ တွံတေး၊ ခရမ်းသုံးခွ၊ ဓနုဖြူဘက်က လယ်ဧက ၃၀၀ ကျော်ကို ပြုပြင်ပေးထားတယ်။ လယ်တစ်ဧကချင်းစီတော့ လုပ်လို့မရဘူး။ တောင်သူတွေအနေနဲ့ ကိုယ့်အနီးနားက တောင်သူတွေနဲ့စုပေါင်းပြီး ဧက ၁၀၀၊ ၂၀၀ အဲ့လိုပေါင်းလုပ်မှရမယ်" ဟု ၎င်းက ပြောသည်။

လယ်ယာမြေ ပြုပြင်လိုသည့် တောင်သူများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကို ဆက်သွယ်ရမည်ဖြစ်ပြီး အသင်းချုပ်မှ လယ်ယာမြေ ပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်များကို ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ကာ သုံးနှစ်အတွင်း ခြောက်ကြိမ်အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အချို့လယ်တွေက ပုံစံမကျတော့ လယ်ထွန်စက်ဝင်မရတာတို့၊ ရေဆိုးထုတ်မရတာ၊ ရေသွင်းမရတာတွေ ရှိတယ်။ ဒါတွေကို မြေညှိ၊ ရေလမ်းကြောင်း၊ ထွန်စက်လမ်းကြောင်းတွေကို စနစ်တကျလုပ်လိုက်မယ်ဆိုရင် အထွက်နှုန်းလည်းတိုးလာမယ်။ ပြုပြင်မယ့် လယ်ယာမြေ အကျယ်အဝန်း၊ မြေအနေအထား၊ နေရာဒေသပေါ်မူတည်ပြီး ပြုပြင်စရိတ်ကို သတ်မှတ်မှာပါ" ဟု ပြောသည်။

လယ်ယာမြေ ပြုပြင်လိုသည့် တောင်သူများအနေဖြင့် အမှတ် ၂၉/ အခန်း (၉၀၁-၉၀၃) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁ ၂၁၈ ၂၆၆ - ၆၈၊ ၀၉ ၂၃၀ ၁၁ ၂၈- ၂၉ သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

## အပူဒဏ်ခံ ထန်းရွက်အသစ်တစ်ရွက် ငွေကျပ် ၂၀၀ ကျော် ဈေးပေါက်နေ

**နွားထိုးကြီး မေ ၉**

နွားထိုးကြီးမြို့နယ်၌ နွေရာသီရောက်လာပြီဖြစ်၍ ဒေသခံများပြင်ဆင်ထန်းရွက်မိုးနေကြရာ ယခုနှစ် ထန်းရွက်တစ်ချပ် ငွေကျပ် ၂၀၀ ကျော်နေကြောင်း ထန်းရွက်မိုးသူတို့က ပြောသည်။

နှစ်စဉ်ထန်းရွက်တစ်ချပ် ငွေကျပ် ၇၀၊ ၈၀၊ ၁၀၀ ဈေးသာ ရှိသော်လည်း ယခုနှစ်တွင် ငွေကျပ် ၂၀၀ ကျော်ဖြင့် ဈေးကောင်းလာကြောင်း၊ ထန်းပင် ခုတ်လှဲမှုများပြားလာသဖြင့် ထန်းရွက်ဈေးကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

အညာတွင် နွေ၏အပူရှိန်ဒဏ်ခံနိုင်ရည်ရှိသော ထန်းရွက်အသစ်ကို နေအိမ်၊ တဲများပြင်ဆင်မိုးကြစမြဲဖြစ်ပြီး နွေဦးတွင် ထန်းရွက်နံ့တသင်းသင်း ခံစားကြရင်း အပူဒဏ်ကြံ့ကြံ့ခံလေ့ရှိကြောင်း ဒေသခံများထံမှ သိရသည်။

**ခင်ဇာမွန်မြင့်(ဉပဒေ)**

## ပြင်ဦးလွင်၌ ဒေသထွက်ကုန်များနှင့်အတူ ပန်းအလှပျိုးပင်များ အရောင်းသွက်

**ပြင်ဦးလွင် မေ ၉**

နွေဦးကာလ ပွင့်လင်းရာသီအတွင်း ပြင်ဦးလွင်မြို့သို့ ဧည့်သည်အများအပြား လာရောက်လည်ပတ်မှုကြောင့် ဒေသထွက်ကုန်များဖြစ်သော စတော်ဘယ်ရီ၊ မက်မန်း၊ နေကြာ၊ သီးစုံနှင့် ဝိုင်အမျိုးမျိုး၊ ဆွယ်တာ၊ မလိုင်တို့အပြင် ပန်းအလှစိုက်ပျိုးပင်များလည်း အရောင်းသွက်လျက်ရှိနေကြောင်း သိရသည်။

ပန်းအလှ စိုက်ပျိုးဥယျာဉ်နှင့် အရောင်းဆိုင်များသည် ဧည့်သည်အများအပြား သွားလာလည်ပတ်လေ့ရှိသော မြို့၏အထင်ကရနေရာများအနီး၌ တည်ရှိလျက်ရှိနေပြီး ဒေသရင်းပန်းမျိုးစုံနှင့် ပြည်တွင်းပြည်ပမှ ပျိုးပင်များစုံလင်အောင် စိုက်ပျိုးပြသရောင်းချလျက်ရှိနေကြသည်။

ပြင်ဦးလွင်မြို့တွင် ပန်းအလှစိုက်ပျိုးရေးပျိုးပင်အရောင်းဆိုင် ၅၀ ဝန်းကျင်ရှိနေပြီး အများစုမှာ အရိပ်ရပင်နှင့် သီးပင်စားပင်များထက် ပန်းအလှပျိုးပင်များကို ပိုမိုအားထားရောင်းချလျက်ရှိနေကြောင်း သိရသည်။

"မိုးကာလက ဧည့်သည်အဝင်နည်းပြီး ပျိုးပင်တွေကို ပြုစုပျိုးထောင်နေရချိန်ဖြစ်လို့ စိုက်ပျိုးရေးရာသီဖြစ်ပေမယ့် သိပ်မရောင်းရဘူး။ ဆောင်းဦးပေါက်ရောက်တော့ ပျိုးပင်တွေက ပန်းတွေ ပွင့်လာပြီး ဧည့်သည်တွေလည်း လာကြလို့ စပြီးရောင်းအားကောင်းလာတယ်။ အရောင်းရဆုံး အချိန်ကတော့ အခုလို နွေရာသီအချိန်ပါ။ နွေပန်းတွေက အရောင်သွေးစုံပြီး လှလည်းလှကြတယ်။ ဝယ်တဲ့သူတွေက အပင်ထက် ပွင့်နေတဲ့ ပန်းအလှကို ပိုပြီးသဘောကျကြတယ်။ သူတို့ထင်နေတာက သူတို့အိမ်ရောက်ရင်လည်း ဒီအတိုင်းဖြစ်နေမယ်။ ပွင့်ဖူးနေမယ်လို့ ထင်နေကြတာ။ ဒါပေမယ့် ရာသီဥတုနဲ့ မြေဆီလွှာအခြေအနေ၊ ပြုစုပျိုးထောင်ရစိုက်မှု အခြေအနေတွေပေါ်မူတည်ပြီး ပြောင်းလဲသွားနိုင်ပါတယ်" ဟု ပျိုးပင်အရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့ရှိ ပန်းပျိုးပင်အရောင်းဆိုင်များတွင် ယခုအချိန်သည် ရောင်းအား အကောင်းဆုံးဖြစ်နေသော်လည်း ပန်းပွင့်ကိုမကြည့်ဘဲ ပန်းပင်များကိုသာ ကြည့်၍ မိုးရာသီ၌သာ ပျိုးပင်များကို ဝယ်ယူ စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**





## ဟင်းသီးဟင်းရွက်များအတွက် အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်

**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန မျိုးစေ့ဘဏ် သင်တန်းခန်းမ၌ ဟင်းသီးဟင်းရွက်များအတွက် ရေရှည်တည်တံ့သော အော်ဂဲနစ် စိုက်ပျိုးရေးနည်းပညာ သင်တန်းကို အာရှဒေသစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု (AFACT)အဖွဲ့ဝင်နိုင်ငံများအတွင်း ဥယျာဉ်ခြံသီးနှံများတွင် ရေရှည်တည်တံ့သော အော်ဂဲနစ်စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအစီအစဉ်ဖြင့် မတ်လနောက်ဆုံးပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားသည်။

သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူသားများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် စိုက်ပျိုးနည်းစနစ်များ၊ လုံခြုံစိတ်ချရသည့် အစားအစာများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုက်နာဆောင်ရွက်သင့်သည့် အချက်အလက်များကို တောင်သူများ လက်ဝယ်ပျံ့နှံ့စေရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ သီးနှံသုတေသနဌာနစုမှ သုတေသနပညာရှင် ၃၀ နှင့် ဒေသအသီးသီးမှ သုတေသနပညာရှင် ၁၀ ဦးခန့်တက်ရောက် သင်ယူခဲ့ကြသည်။

ထို့နောက် အော်ဂဲနစ်မြေဩဇာနှင့် ပတ်သက်၍ အကျိုးပြုအဏုဇီဝများ၏ လုပ်ဆောင်မှုများ၊ အနည်းလိုအာဟာရဓာတ်များနှင့် ဆက်စပ်မှုများ၊ ပိုးမွှားအန္တရာယ်ကာကွယ်ပေးမှုများ၊ အော်ဂဲနစ်သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးပြုလုပ်နည်းများကို လက်တွေ့သင်ကြားပြသပေးကာ သက်ဆိုင်ရာသီးနှံအလိုက် အကျိုးရှိစွာ အသုံးချနိုင်အောင် နည်းပညာများပံ့ပိုးပေးခဲ့ပြီး တောင်သူများအတွက် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်တွင် ပါဝင်သည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း ဗဟုသုတရရှိစေရန်နှင့် တောင်သူများထံ ဖြန့်ဝေနိုင်ရန် စိုက်ပျိုးရေးပညာရှင်များကို သင်ကြားပေးခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် သုတေသနဦးစီးဌာနမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနဌာနစုမှအော်ဂဲနစ် စိုက်ခင်းများကို သွားရောက်လည်ပတ် လေ့လာခဲ့သည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ယင်းသင်တန်းကို ပထမဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် တောင်သူများအတွက် သိလိုသည်များမေးမြန်းဆွေးနွေးနိုင်သည့် သင်တန်းများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

## ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများပျက်စီးမှု ထောက်ပံ့ငွေပေးအပ်

**ကြံခင်း မေ ၉**

၂၀၁၆-၂၀၁၇ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများပျက်စီးမှုအပေါ် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေပေးအပ်ခြင်းကို ကြံခင်းမြို့ ရွာဦးခန်းမ၌ ဧပြီလပထမပတ်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်က ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများပျက်စီးမှုအပေါ် ပြည်ထောင်စုအစိုးရ၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ငွေများကို လက်ခံရရှိသောတောင်သူများအနေဖြင့် စနစ်တကျသုံးစွဲရန် မှာကြားခဲ့သည်။

ကြံခင်းမြို့နယ် အနေဖြင့် ၂၀၁၆-၂၀၁၇ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများပျက်စီးမှုဖြစ်ပေါ်ခဲ့သော ဆုံလဲ၊ ရေလယ်ကျွန်း၊ သောကြာဒူး၊ ထန်းတပင်အုပ်စုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကလည်းကောင်း၊ မဲကုန်း၊ ကဇင်းကြီး၊ ကွေ့မ၊ တလိုင်းကွင်းအုပ်စုတို့အားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်ကလည်းကောင်း ထောက်ပံ့ငွေများပေးအပ်ခဲ့ရာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လက်ခံယူကြသည်။ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သောကျေးရွာအုပ်စုရှစ်အုပ်စုမှ ပျက်စီးလယ်မြေဧကမှာ ၁၅၂၁ ဧကရှိပြီး တောင်သူဦးရေ ၆၇၁ ဦးအား ငွေကျပ် ၁၅၂၁၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေလာပြီ . . .

ဒီတစ်ပတ်ကြားရက်မှာတော့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေ စတင်ယှဉ်ပြိုင်တော့မှာ ဖြစ်ပါတယ်။ ခြေစွမ်းမြင့်မားတဲ့အသင်းတွေထိပ်တိုက်တွေ့ဆုံနေသလို အင်္ဂလန်ပရီမီယာလိဂ်က လက်ရှိချန်ပီယံ လက်စတာနဲ့ အက်သလက်တီကိုတို့ရဲ့ပွဲကလည်း ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ စိတ်ဝင်စားမှု မြင့်တက်နေတဲ့ပွဲဖြစ်ပါတယ်။ မနှစ်က ပရီမီယာလိဂ်မှာ မထင်မှတ်တာတွေ လုပ်ပြသွားတဲ့ လက်စတာတို့ ဒီနှစ်မှာလည်း ချန်ပီယံလိဂ်မှာ ပရိသတ်တွေ အံ့အားသင့်အောင် ခြေစွမ်းပြသွားဦးမလားဆိုတာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။

**ဒေါ့မွန်နှင့် မိုနာကို**

၁၆ သင်းအဆင့်မှာ ဘင်ဖီကာအသင်းကို နှစ်ကျော့ပေါင်း လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာတဲ့ ဒေါ့မွန်ဟာ ဘွန်ဒက်လီဂါမှာတော့ ခြေစွမ်းအတက်အကျဖြစ်နေပါတယ်။ ဒေါ့မွန်တို့က အခုတလော နိုင်ပွဲတွေရအောင် ကြိုးစားနေပေမယ့် ရှော်လ်ကေးနဲ့ပွဲမှာ တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့လို့ အားရစရာတော့ မကောင်းပါဘူး။ မိုနာကိုတို့ကလည်း လောလောဆယ် ပီအက်စ်ဂျီကို ဂိုးပြတ်ရှုံးထားတာမို့ ဗျူဟာအခင်းအကျင်းကို ပြန်တည်ရဦးမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့ ဒေါ့မွန်တို့ နိုင်ပွဲရသွားပါလိမ့်မယ်။

**ဂျူဗင်တပ်စ်နှင့် ဘာစီလိုနာ**

ဒီနှစ်မှာ ခြေစွမ်းကောင်းရရှိနေပြီး ခြေစွမ်းလည်း တည်ငြိမ်နေတဲ့ ဂျူဗင်တပ်စ်တို့ကတော့ အသင်းလိုက်ကစားအားကောင်းတဲ့ ဘာစီလိုနာနဲ့ ဆုံတွေ့ရမှာမို့ ပွဲကျပ်ပါပဲ။ ဘာစီလိုနာတို့ကတော့ တိုက်စစ်စွမ်းအားနဲ့ ခိုင်မာတောင့်တင်းတဲ့ ဂျူဗင်တပ်စ်ရဲ့ ခံစစ်ကြောင်းကို ထိုးဖောက်ဂိုးသွင်းဖို့ ကြိုးစားမှာ ဖြစ်ပါတယ်။ ဘာစီလိုနာရဲ့ လက်ရှိ ခြေစွမ်းက နိုင်ပွဲတွေဆက်နေပြီး ဂိုးပြတ်သွင်း အောင်ပွဲခံနေပါတယ်။ ဂျူဗင်တပ်စ်ဟာ အိမ်ကွင်းဆိုပေမယ့် ခံစစ်ကို လုံအောင်ကစားပြီး တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်ရဲ့ခုခံအားကြောင့် ဒီပွဲမှာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**အက်သလက်တီကိုနှင့် လက်စတာ**

လေဗာကူဆင်ကို နှစ်ကျော့ပေါင်း ခြောက်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်လာတဲ့ အက်သလက်တီကိုဟာ လက်စတာကိုလျှော့တွက်လို့မရတာတော့ အမှန်ပါပဲ။ လက်စတာတို့က ဆီဗီလာကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရပြီး ကွာတားတက်လာတဲ့အတွက် အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် တိုက်စစ်ဖွင့်ပြီး ကစားပါလိမ့်မယ်။ လက်စတာတို့က အခုပွဲမှာ အနိမ့်ဆုံးသရေပွဲကစားပြီး ဂိုးရအောင် အားထုတ်ပါလိမ့်မယ်။ အက်သလက်တီကိုတို့က အိမ်ကွင်းမှာ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေးအတွက်ပဲ ကြိုးစားမှာမို့ အိမ်ရှင်တို့ အသာစီးရသွားနိုင်တဲ့ပွဲပါပဲ။

**ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်**

တိုက်စစ်အားပြိုင်ကြမယ့် နှစ်သင်းတွေ့ဆုံတဲ့ပွဲဖြစ်လို့ ပွဲကြီးပွဲကောင်းအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ အခုတလောတိုက်စစ်စွမ်းရည်ကျဆင်းနေပြီး ပွဲတိုင်းရုန်းကန်နေရပါတယ်။ ဘိုင်ယန်မြူးနစ်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ဂိုးပြတ်တွေချည်းသွင်းပြီး အောင်ပွဲခံထားတာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ ရီးရဲမက်ဒရစ်တို့ မလွယ်ပါဘူး။ ရီးရဲမက်ဒရစ်ဟာ တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားတာမို့ အခုပွဲမှာ ဘိုင်ယန်မြူးနစ်တို့လည်း အိမ်ကွင်းဆိုပေမယ့် ထင်တိုင်းမပေါက်နိုင်ပါဘူး။ ရီးရဲမက်ဒရစ်တို့က ဘိုင်ယန်မြူးနစ်နဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့တာမို့ အခုပွဲမှာတော့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။




**မိုးမြင့်လင်းလက်**

## ချန်ပီယံရှစ်မှ တန်းတက်လာနိုင်တဲ့ ဘရိုက်တန်

ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၄၁ မှာ ဘရိုက်တန်က ကျူပီအာရ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ဇယားထိပ်ကို ပြန်တက်လာနိုင်ခဲ့ပါတယ်။ ဘရိုက်တန်အသင်းရဲ့ ဒီအနိုင်ပွဲဟာ နောက်ဆုံး ကစားခဲ့တဲ့ ခြောက်ပွဲမှာ ငါးပွဲမြောက် အနိုင်ရခဲ့တဲ့ပွဲလည်း ဖြစ်ပါတယ်။

ဘရိုက်တန်ဟာ ချန်ပီယံလိဂ်မှာ ဆက်ကစားဖို့ ငါးပွဲသာကျန်တော့ချိန်မှာ ၈၆ မှတ်နဲ့ ဇယားထိပ်မှာရှိနေပြီး ကစားဖို့ ခြောက်ပွဲကျန်သေးတဲ့ နယူးကာဆယ်က ၈၄ မှတ်နဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ တတိယနေရာမှာရှိနေတဲ့ ဟက်ဒါဖီးလ်ကတော့ ကစားဖို့ ခုနစ်ပွဲကျန်နေသေးပြီး ရမှတ် ၇၄ မှတ်ရရှိနေပါတယ်။ ဘရိုက်တန်ဟာ တတိယနေရာက ဟက်ဒါဖီးလ်ထက် ၁၂ မှတ် အသာရနေတာဖြစ်ပါတယ်။

လာမယ့်ရာသီမှာတော့ ဘရိုက်တန်၊ နယူးကာဆယ်နဲ့ ဟက်ဒါဖီးလ်တို့ဟာ ပရီမီယာလိဂ်ကို တန်းတက်နိုင်ဖို့ အလားအလာကောင်းနေကြပါတယ်။ တန်းတက်လာနိုင်ဖို့ အသေချာဆုံးကတော့ ဘရိုက်တန်နဲ့ နယူးကာဆယ်တို့ဖြစ်ပြီး တတိယနေရာအတွက်ကိုတော့ ဟက်ဒါဖီးလ်ဟာ ရက်ဒင်းနဲ့ လိဂ်အသင်းတွေနဲ့အပြိုင် အကြိတ်အနယ် ကြိုးစားရဖို့ ရှိနေပါတယ်။






## ဆဲလ်တစ်နဲ့အတူ အောင်မြင်နေတဲ့ နည်းပြရော်ဂျာ

ဆဲလ်တစ်နည်းပြ ဘရီဒါန်းရော်ဂျာကို စကော့တစ် ပရီမီယာရှစ်ချန်ပီယံက လေးနှစ်စာချုပ်သစ် ချုပ်ဆိုလိုက်ပါတယ်။ အသက် ၄၄ နှစ်အရွယ်ရှိ ရော်ဂျာဟာ နည်းပြရွှန်နီဒီလာနေရာမှာ ဆက်ခံခဲ့ပြီးနောက် လိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ လီဗာပူး၊ ဆွမ်ဆီး၊ ရက်ဒင်းနဲ့ ဝက်ဖို့ဒ်နည်းပြဟောင်း ရော်ဂျာဟာ ပြီးခဲ့တဲ့ မေလက ၁၂ လ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ရော်ဂျာကို ဆဲလ်တစ်က ၂၀၂၁ ခုနှစ်အထိ စာချုပ်ခဲ့ပါတယ်။ ဆဲလ်တစ်အသင်းဟာ ဒီလကုန်ပိုင်းမှာ ရိန်းဂျားအသင်းနဲ့ စကော့တစ်ဖလား ဆီမီးဖိုင်နယ် ကစားဖို့ ရှိပါတယ်။ ဒီဖလားကို ဆွတ်ခူးနိုင်မယ်ဆိုရင် ဆဲလ်တစ်အသင်းဟာ ဒီနှစ်ထဲမှာ ဖလားသုံးလုံး ဆွတ်ခူးရရှိမှာ ဖြစ်ပါတယ်။

ရော်ဂျာဟာ ဥရောပမှာ အကောင်းဆုံး နည်းပြတွေထဲက တစ်ဦးဖြစ်တယ်လို့ ဆဲလ်တစ်အသင်း အမှုဆောင်အရာရှိချုပ် မီတာလောဝဲလ်က ဆိုပါတယ်။ ရော်ဂျာဟာ လီဗာပူးမှာ သုံးနှစ်ကြာ နည်းပြလုပ်ခဲ့ပြီးနောက် ဆဲလ်တစ်သို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ဆဲလ်တစ်ဟာ ဒီနှစ်ရာသီမှာ ရှုံးပွဲမရှိ စံချိန်ကိုလည်း ရရှိထားပါတယ်။

**▌ကောင်းမြတ်သူ - စုစည်းသည်။**

## လက်ကျန်ပွဲတွေနဲ့ လွဲချော်နိုင်တဲ့ လီဗာပူးတိုက်စစ်မှူး

လီဗာပူးအသင်း တိုက်စစ်မှူး ဆာဒီယိုမာနီဟာ ဒူးခေါင်းဒဏ်ရာကြောင့် နောက်ဆုံး ခုနစ်ပွဲနဲ့ လွဲချော်လိမ့်မယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ မာနီဟာ အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။

မာနီဟာ ခွဲစိတ်ဖို့ လိုအပ်တဲ့အတွက် ရာသီကုန်အထိ အနားယူရလိမ့်မယ်လို့ နည်းပြ ဂျာဂျင်ကလော့က ဆိုပါတယ်။ ဆောက်သမ်တန်မှ ပေါင် ၃၄ သန်းနဲ့ စာချုပ်ခဲ့တဲ့ မာနီဟာ အစပွဲ အားလုံးပါဝင်ကစား ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် လက်ကျန်ပွဲအားလုံးနဲ့ လွဲချော်နိုင်ပါတယ်။ အဒမ်လာလာက လက်ကျန်ပွဲမှာ ဦးဆောင်ကစားဖွယ်ရှိနေပါတယ်။ ဒါပေမယ့် အပြည့်အဝလေ့ကျင့်မှုမလုပ်နိုင်သေးဘူးလို့ ဆိုပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးကတော့ ရမှတ် ၆၀ နဲ့ တတိယနေရာမှာ ရှိနေပါတယ်။

# ရေစကြိုမြို့နယ်တွင် သောက်သုံးရေရှားပါးမှု ယခင်နှစ်များထက် လျော့နည်း

**ရေစကြို ဧပြီ ၉**
မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသဖြစ်သော ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ရှင်မတောင် တောင်ခြေတစ်ဝိုက်ရှိ ကုန်းတွင်းပိုင်းကျသော ကျေးရွာများ၌ နှစ်စဉ် နွေရာသီကာလများတွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့ရလေ့ရှိကာ သက်ဆိုင်ရာဌာနများနှင့် ရေအလှူရှင်များက သောက်သုံးရေများ သွားရောက်လှူဒါန်းရလေ့ရှိသော်လည်း ယခုနှစ်တွင်မူ ယခင်နှစ်များကထက် သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့ရသည့်ကျေးရွာ လျော့နည်းလာခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးမှု ကြုံတွေ့ရလေ့ရှိသည့် ကျေးရွာများဖြစ်သော ရွာသာအေးကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်း၊ ကမ္ဘတောကျေးရွာ၊ ယာကြီးကုန်းကျေးရွာ ဘောင်ဘဲ့တန်းကျေးရွာနှင့် ကံလှကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်း၊ ကံပေါက်ကျေးရွာ သံပြာချောင်းကျေးရွာနှင့် တောင်စင် ကျေးရွာတို့တွင် မြေသားရေကန်တူးဖော်ခြင်း၊ အောင်နန်းကျေးရွာနှင့် မြေဖြူကျင်းကျေးရွာတို့တွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းတို့ကို ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပေးခဲ့၍ ရေရှားပါးပြတ်လပ်မှု လျော့ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝေခြင်းအစီအစဉ်ဖြင့်လည်း ထန်းငယ်တောကျေးရွာနှင့် အညာတောကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းကို ဆောင်ရွက်ခဲ့သလို ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ကလည်း မုံညင်းကျေးရွာနှင့် မြေဖြူကျင်းကျေးရွာတို့တွင် မြေသားရေကန်တူးဖော်ခြင်း၊ တောင်ဦးကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မင်းကန်ကျေးရွာတွင် မြေသားကန်တူးဖော်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ သက်ဆိုင်ရာဌာနအသီးသီးက စက်ရေတွင်းများတူးဖော်ခြင်း၊ မြေသားရေကန်များ တူးဖော်ခြင်းနှင့် အုတ်ရေကန်များ တည်ဆောက်ပေးခြင်းတို့ကြောင့် ရေစကြိုမြို့နယ်တွင် ယခင်နှစ်များကထက် သောက်သုံးရေရှားပါးမှု ကြုံတွေ့ရသည့် ကျေးရွာအရေအတွက် လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရေစကြိုမြို့နယ်တွင် ပြီးခဲ့သည့်နှစ် နွေရာသီက သောက်သုံးရေမလုံလောက်သဖြင့် ရေပေးဝေခဲ့ရသည့်ကျေးရွာပေါင်း ၂၅ ရွာခန့်ရှိခဲ့ရာ ယခုနှစ်တွင် ၂၀ ရွာခန့် လျော့ကျခဲ့ပြီး ကျေးရွာ လေးရွာခန့်ကိုသာ သောက်သုံးရေပေးဝေရန် လိုအပ်မည်ဟု ခန့်မှန်းထားကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောကြားသည်။

**အိမွန်ဆွေ(ရေစကြို)**

# မြန်မာနိုင်ငံ စာရေးဆရာအသင်း (တောင်ဥက္ကလာပမြို့နယ်) မော်ကွန်းမှတ်တမ်းမဂ္ဂဇင်းစာအုပ် ထုတ်ဝေမည်

**ရန်ကုန် ဧပြီ ၉**
မြန်မာနိုင်ငံစာရေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်က ကြီးမှူး၍ မြို့နယ်အတွင်းရှိ စာရေးဆရာများပါဝင်ရေးသားထားသော မော်ကွန်းမှတ်တမ်းမဂ္ဂဇင်းစာအုပ်ကို ထုတ်ဝေနိုင်ရန်အတွက် မြို့နယ်အတွင်းရှိ အသင်းဝင်စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ဓာတ်ပုံ၊ သတင်းထောက်များအနေဖြင့် စာမူများရေးသားပေးပို့နိုင်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ စာရေးဆရာအသင်းဝင် စုစုပေါင်း ၁၁၈ ဦးရှိပြီး စာပေလှုပ်ရှားမှုအဖြစ် စာရေးဆရာအသင်းဝင်များအားလုံး၏ မှတ်တမ်းမဂ္ဂဇင်းဖြစ်စေရန်၊ စာရေးသူများ၏ ဓာတ်ပုံ၊ ဖုန်းနံပါတ်၊ ဆက်သွယ်ရန်နေရပ်လိပ်စာ တစ်စုတစ်စေးတည်းရှိနေသော စာပေမှတ်တမ်းမဂ္ဂဇင်းစာအုပ်ဖြစ်စေရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

စာရေးသားရန်အချိန်မရှိခြင်း၊ ကျန်းမာရေးမကောင်းသော သက်ကြီးစာရေးဆရာကြီးများအနေဖြင့် မိမိရေးသားခဲ့သော စာမူများအား မိတ္တူကူး၍ ပေးပို့နိုင်ကြောင်းနှင့် အသစ်ရေသားပေးပို့နိုင်ပါက ပို၍သင့်တော်မည်ဖြစ်ကြောင်း မြို့နယ်အသင်းဝင်မဟုတ်သော ပြင်ပပညာရှင်၊ စာရေးဆရာများ၏ စာမူကို လုံးဝလက်ခံမည် မဟုတ်ကြောင်းနှင့် စာမူများကို ဧပြီ ၃၀ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ အသင်းရုံးသို့ ပေးပို့ကြရန်ဖြစ်ကြောင်း၊ စုံစမ်းမေးမြန်းလိုပါက ဖုန်း ၀၉-၄၂၀၃၉၃၃၆၊ ၀၉-၄၂၁၁၂၄၀၅၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ဝင်းမြင့်ထွန်း (တောင်ဥက္ကလာ)**

# မြောင်းမြခရိုင်ရဲတပ်ဖွဲ့ လူဆိုးဖမ်းဆီးနည်း သရုပ်ပြပြိုင်ပွဲ ကျင်းပ

**မြောင်းမြ ဧပြီ ၉**
မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လူဆိုးဖမ်းဆီးရာတွင် စနစ်တကျ ဖမ်းဆီးတတ်စေရန်အတွက် ဖမ်းဆီးနည်း သရုပ်ပြပြိုင်ပွဲကို မြောင်းမြခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ မြောင်းမြမြို့ရဲစခန်းဝင်း ရဲကျော်သူခန်းမ၌ ဧပြီ ၇ ရက်က



ကျင်းပခဲ့သည်။

"ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးထိန်းသိမ်းတဲ့နေရာမှာ အသာတကြည် ဖမ်းဆီးခံသူတွေရှိသလို ရန်ပြုလာနိုင်တဲ့သူတွေလည်း ရှိတဲ့အတွက် မိမိသင်ကြားထားတဲ့ ဖမ်းဆီးနည်းအတတ်ပညာတွေကို လက်တွေ့အသုံးချပြီး ထိခိုက်မှုနည်းအောင် စနစ်တကျ ဖမ်းဆီးတတ်ဖို့ ရည်ရွယ်ပါတယ်"ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညွန့်ဇော်က သရုပ်ပြပြိုင်ပွဲကျင်းပခြင်း နှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

သရုပ်ပြပြိုင်ပွဲသို့ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေ၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိများ၊ မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မ မြို့နယ်များမှ မြို့နယ် ရဲတပ်ဖွဲ့မှူးများ လာရောက်ကြည့်ရှုပြီး ပြိုင်ပွဲတွင် မြို့နယ်အလိုက် တစ်မြို့နယ်လျှင် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှုန်းဖြင့် စုစုပေါင်း ရဲတပ်ဖွဲ့ဝင် ၄၅ ဦး ပါဝင်ယှဉ်ပြိုင်သရုပ်ပြခဲ့သည်။

ပြိုင်ပွဲအမှတ်ပေးနည်းစနစ်အရ လျင်မြန်ဖျတ်လတ်မှု၊ ခွန်အားပါမှု၊ နည်းစနစ်ကျွမ်းကျင်မှုတို့ကို အခြေခံ၍ အမှတ်ပေးရာ မြောင်းမြ မြို့နယ် ရဲတပ်ဖွဲ့အသင်းက ပထမ၊ ဝါးခယ်မမြို့နယ်ရဲတပ်ဖွဲ့အသင်းက ဒုတိယနှင့် အိမ်မဲမြို့နယ်ရဲတပ်ဖွဲ့အသင်းက တတိယရရှိပြီး ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကိုဆက်လက်ကျင်းပကာ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **အောင်မင်း(မြောင်းမြ)**

# စလင်းတွင် အခမဲ့ဆေးကုသပေး

**စလင်း ဧပြီ ၉**
မကွေးတိုင်းဒေသကြီးစလင်းမြို့တွင် ဧပြီ ၈ ရက်က အခမဲ့ဆေးခန်းဖွင့်လှစ်၍ ကုသပေးခဲ့သည်။ အဆိုပါအခမဲ့ဆေးခန်း ဖွင့်လှစ်ကုသခြင်းကို ဈေးမရပ်ရှိ ဒေါက်တာယဉ်မာစိုးက အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးဖိုးကျသင့်ငွေကို ဒို့မေတ္တာပရဟိတလူမှုကူညီရေးအသင်းက လှူဒါန်းသည်။ အခမဲ့ဆေးခန်းကို နံနက် ၈ နာရီမှ စတင်၍ ညပိုင်းအထိ လာရောက်ပြသသော လူနာအားလုံးကို စမ်းသပ်ကုသပေးသည်။ "လူနာတွေကတော့ တစ်နေကုန်ဆိုရင် လူနာတွေ ၁၀၀ ကျော်လောက် ကုသပေးရပါတယ်။ ကျွန်မကလည်း စလင်းသူဆိုတော့ ကိုယ်တတ်ထားတဲ့ဆေးပညာနဲ့ ကိုယ့်မြို့ကို ကျေးဇူးဆပ်ခွင့်ရတာဝမ်းသာပါတယ်"ဟု ဒေါက်တာယဉ်မာစိုးကပြောသည်။ ၎င်းမှာ စလင်းဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ဆရာဝန်ဖြစ်ပြီး ဒို့မေတ္တာပရဟိတအသင်းကိုကူညီကာ တစ်လတစ်ကြိမ် စမ်းသပ်ခမယူဘဲ ကုသပေးခဲ့သည်။ ဒို့မေတ္တာပရဟိတအသင်းကလည်း အခမဲ့ဆေးခန်းဖွင့် ကုသရာတွင် ဆေးဖိုး ငွေကျပ်တစ်သိန်းကျော်အကုန်အကျခံ၍ လစဉ် ဒေါက်တာစိုးမြင့်အောင်ဆေးခန်းနှင့် ဒေါက်တာယဉ်မာစိုးဆေးခန်းတို့၌ တစ်လနှစ်ကြိမ် အခမဲ့ ဒေသခံများကို ကုသပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ရေအခက်အခဲဖြစ်လာပါက အမြန်ဆုံးဖြေရှင်းနိုင်ရန် စီစဉ်ထား

**ပေါင် ဧပြီ ၉**
မွန်ပြည်နယ် ပေါင်မြို့နယ်မှ ရပ်ကွက် ကျေးရွာများတွင် ယခုနှစ် နွေရာသီကာလအတွင်း ရေအခက်အခဲဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ဖြေရှင်းပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားသည့်အပြင် ရေအခက်အခဲဖြစ်နိုင်သည့် ကျေးရွာစာရင်းများကိုလည်း ပြုစုထားပြီးဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရေလိုအပ်သောနေရာများသို့ ရေဖြန့်ဝေပေးနိုင်ရန်အတွက် ရေအရင်းအမြစ်များကို ရှာဖွေထားပြီးဖြစ်ကာ ရပ်ကွက် ကျေးရွာများအနေဖြင့် ရေပြတ်လပ်မှုနှင့် ကြုံတွေ့လာပါက အချိန်မီ ဆက်သွယ်အကူအညီတောင်းခံနိုင်ရန် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ပေးထားပြီး အချိန်နှင့်တစ်ပြေးညီ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ထားကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က ပြောသည်။



"လက်ရှိအချိန်ကစပြီး ရေအခက်အခဲနဲ့ ကြုံနေတဲ့ရွာတွေကို ရေပေးဝေမှုတွေ လုပ်သွားပါမယ်။ ဒီနှစ်က အရင်နှစ်ကထက်စာရင်တော့ ရေအခက်အခဲဖြစ်ပွားမှုသိပ်မများသေးဘူး၊ မနှစ်က ဒီချိန်ဆို အရမ်းကိုရှားနေပြီ။ ဒီလို ရေရှားပါးမှုပြဿနာ မကြုံတွေ့ရအောင်တော့ ကျွန်တော်တို့ဌာနရော၊ တခြားဌာနတွေရော၊ ကျေးရွာနေ ပြည်သူတွေရော ရေကန်အဟောင်း ပြန်လည်ပြုပြင်တာလည်းရှိတယ်၊ အသစ်တူးဖော်တာလည်းရှိတယ်။ ရေပိုက်သွယ်တန်းပေးတာလည်း ရှိတယ်၊ ရေရရှိနိုင်မယ့် နည်းလမ်းမျိုးစုံကို တက်ညီလက်ညီ အားလုံးစုပေါင်းလုပ်ဆောင်ထားတဲ့အတွက်ကြောင့် ဒီနှစ်က ရေရှားပါးမှုဒဏ်ကို ခံစားရဖို့ နည်းသွားပါမယ်"ဟု ၎င်းက ဆက်ပြောသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် ရေမပြတ်ရန် စီမံချက်များဆောင်ရွက်ထားပြီး အရေးပေါ် အခြေအနေအတွက် ရေသယ်ယာဉ်များကိုလည်း အသင့်ပြင်ဆင်ထားရာ လက်ရှိအချိန်တွင် ဌာနပိုင် ဂါလန် ၁၅၀၀ ကားတစ်စီးနှင့် ဂါလန် ၃၀၀ ကားတစ်စီးတို့ဖြင့် ရေပေးဝေနိုင်ရန် စီမံထားပြီး အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက မြို့နယ်အတွင်းရှိ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**ကိုဟိန်း(ပေါင်)**

# သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုလျှော့ချရေး စေတနာ့ဝန်ထမ်းလူငယ်ကွန်ရက်စီမံချက် မိတ်ဆက်

**သထုံ ဧပြီ ၉**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို ဒေသတွင်း လူငယ်များကိုယ်တိုင် ဦးဆောင်ပါဝင်နိုင်စေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ UNDP, UNICEF နှင့် UN Volunteer(UNV)အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဘေးအန္တရာယ်လျှော့ချရေး စေတနာ့ဝန်ထမ်းလူငယ်ကွန်ရက် ကနဦးစီမံချက်ကို ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများအား မိတ်ဆက်ခြင်းအခမ်းအနားကို ဧပြီ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပခဲ့သည်။

"ဘေးအန္တရာယ်တွေနဲ့ပတ်သက်လာရင် အတွေ့အကြုံနဲ့ စွမ်းရည်ပြည့်ဝနေမှ ကူညီတဲ့နေရာမှာလည်း ထိရောက်မှုရှိမယ်။ ဒီလိုလူငယ်တွေရဲ့ စွမ်းအားတွေကို အဖွဲ့အစည်းတစ်ခုအနေနဲ့ စုစည်းပြီး ရပ်ရွာတွေမှာ ဒါတွေအားကောင်းလာရင် ဖြစ်ပေါ်လာတဲ့ ဘေးအန္တရာယ်တွေကို ထိထိရောက်ရောက်နဲ့ ရင်ဆိုင်နိုင်မှာပါ။ ဒါကြောင့် သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီးတော့ မဟာဗျူဟာမြောက်ပြီး ထိရောက်မှုရှိရှိနဲ့ ရေရှည်တည်တံ့တဲ့ အားလုံးပါဝင်မှုရှိတဲ့ စေတနာ့ဝန်ထမ်းလူငယ် (DRRYV) ကွန်ရက်တစ်ခုတည်ထောင်ဖို့ရယ်၊ ဒေသတွင်း ဖြစ်ပေါ်တတ်တဲ့ ရပ်ရွာလူထုရဲ့ ဘေးအန္တရာယ်တွေ ကြံ့ကြံ့ခံနိုင်စွမ်းကို အားဖြည့်ပေးဖို့ ဒီစီမံချက်ကို အကောင်အထည်ဖော်တာပါ"ဟု သထုံခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ပြောသည်။

စီမံချက်မိတ်ဆက်ပွဲတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူတို့က အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ဌာန၏ လုပ်ငန်းတာဝန်များနှင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့်အကြောင်း ရှင်းလင်းပြောကြားကာ UNV မှ စီမံချက်တာဝန်ခံ Hind Sadik က စေတနာ့ဝန်ထမ်းလူငယ်ကွန်ရက် စီမံချက်ဆိုင်ရာများနှင့် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစီမံချက်တွင် ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများ၊ ဘေးအန္တရာယ်မဖြစ်ပေါ်ခင် ရပ်ရွာလူထုအတွင်း အလျဉ်းသင့်သည့် အခြေအနေအရ ပညာပေးခြင်းနည်းလမ်းများ၊ ကလေးသူငယ်များ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ပါဝင်ဆောင်ရွက်လာနိုင်အောင် စည်းရုံးလှုံ့ဆော်သည့် နည်းလမ်းများ၊ ဘေးအန္တရာယ်လျှော့ချရေး ပညာပေးလုပ်ငန်းများကို လူငယ်များအဖွဲ့လိုက် အစီအစဉ်ရေးဆွဲ လှုပ်ရှားဆောင်ရွက်နိုင်စေရန် သင်ကြားပြသပေးမည်ဖြစ်ပြီး စီမံချက်ကို မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်မှ စတင်ကာ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များတွင် ဆောင်ရွက်နေပြီး မွန်ပြည်နယ်၌ သထုံ၊ မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်တို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။
**သက်ဦး(သထုံ)**

# ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်လှစ်

**ကော့သောင်း ဧပြီ ၉**
ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်ဘာကျေးရွာဘောလုံးကွင်း၌ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဘောလုံးပြိုင်ပွဲတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဘောလုံးအသင်းများက အုပ်စုပတ်လည် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲကို ကျေးရွာလူငယ်များမှ ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဒေသခံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီတစ်ခုဖြစ်သည့် Moken International ကုမ္ပဏီလီမိတက်က ပံ့ပိုးကျင်းပပေးကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

FAMOUS HOTELS GROUP ၏ (၇)လုံးမြောက် ဟိုတယ်ဖြစ်သော FAMOUS HOTEL (LOIKAW) ကို (၈.၄.၂၀၁၇) ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်တော်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေ တည်းခိုနိုင်ရန် အဆင့်မီ ဝန်ဆောင်မှုများဖြင့် နွေးထွေးစွာ ကြိုဆိုလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




**FAMOUS HOTEL (Loikaw)**
NO. 116/A, Thu Da Nu Street, Daw Au Khu Ward,
Loikaw, Kayah State.
Mobile : + 95 9 777 555 601 ~ 604
Email : rsvn.famoushotelsgroup@gmail.com
sm.famoushotelsgroup@gmail.com

**FAMOUS HOTEL (Bago)**



Near Junction of Yangon - Mandalay Road &
Tike Kyee Road, Nyaung-Inn, Bago.
Phone : +95 9 263119990, 263229990, 777 3333 03
Email : rsvn.famoushotelsgroup@gmail.com

**FAMOUS HOTEL (Nay Pyi Taw)**



No. DEH 16, Dekkhina Thiri,
Hotel Zone (3), Nay Pyi Taw.
Phone : +95 67 8430880 ~ 4, +95 9 777 3333 04
Email : rsvn.famoushotelsgroup@gmail.com

**FAMOUS HOTEL (Bagan)**



Between Bagan Shwe Pyi High-Way Bus Station &
Airport Junction, Nyaung U - Kyauk Pa Taung Road.
Phone : +95 61 2462035~6, +95 9 777 3333 05
Email : rsvn.famoushotelsgroup@gmail.com

**FAMOUS HOTEL (Pyin Oo Lwin)**



In Front of Military Service's Literature Dept. (2),
Sandar Street, Ward (5), Pyin Oo Lwin.
Phone : +95 85 21997, 85 22751, +95 9 777 3333 06
Email : rsvn.famoushotelsgroup@gmail.com

**FAMOUS HOTEL (Kalaw)**



Shwe Taung Kyar (2) Street,
Shwe Myaunt Kyar, Ward (1), Kalaw.
Phone : +95 9 777 4444 10~12, +95 9 777 3333 07
Email : rsvn.famoushotelsgroup@gmail.com

**FAMOUS HOTEL (Ngapali)**



No. (276/277), Linn Thar (North),
Linn Thar Village Group, Than Dwe, Ngapali.
Mobile : +95 43 42150, +95 9 450 581 267
Email : rsvn.famoushotelsgroup@gmail.com



## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ငွေအေး (ကျောက်ဖြူမြို့)
### အသက် (၉၀)

ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်စန်းစန်းရီ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ငွေအေးသည် ၈-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
### ဦးတင်မောင်ဝင်း(ခ)မောင်မောင် အသက်(၅၉)နှစ်
**MD, Capital Construction Ltd.,**
**MD,Myanmar Liwayway Food Industries Limited**
**ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောဓိရိပ်သာလမ်း၊ အမှတ် ၂၂နေ (ဗိုလ်မှူးကြီးဝင်းမောင်၊ ငြိမ်း)-ဒေါ်တင်တင်အေးတို့၏သား၊ ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သက်၏ဖခင်၊ ဒေါက်တာဦးဆန်းလွင်-ဒေါက်တာဒေါ်အေးအေးဝင်းတို့၏မောင်၊ ဦးမင်းလှိုင်-ဒေါ်တင်တင်ဝင်းတို့၏အစ်ကိုသည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၅း၅၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၁၇ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း(ခ)ကိုမောင်မောင်
**Managing Director**
**Capital Construction Ltd.,**
**အသက်(၅၉)နှစ်**

လေးစားခင်မင်ရပါသောအစ်ကို ဦးတင်မောင်ဝင်း(ခ)ကိုမောင်မောင်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်စော(Managing Director, SKY Wings Construction Co.,Ltd)-ဒေါ်ကေသီ**
**သားကြီး စည်သူကျော်စော၊ သားငယ် ထက်အာကာကျော်စော မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း(ခ)ဦးဇော်ဝင်း(ခ)ဦးမောင်မောင်
**Managing Director**
**Capital Construction Ltd.,**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောဓိရိပ်သာ၊ သံလွင်လမ်း၊ အမှတ် ၂၂နေ (ဗိုလ်မှူးကြီးဝင်းမောင်၊ ငြိမ်း)-ဒေါ်တင်တင်အေးတို့၏သား၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ မောင်အောင်သက်(ခေတ္တ-U.S.A)၏ချစ်လှစွာသောဖခင် သူငယ်ချင်း ဦးတင်မောင်ဝင်း အသက်(၅၉)နှစ်သည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စိုး-ဒေါ်သီတာ**
**မိသားစု**
**The Rainbow Group**

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
### ဦးတင်မောင်ဝင်း(ခ)မောင်မောင်
**MD, Capital Construction Ltd,**
**MD, Myanmar Liwayway Food Industries Limited**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်း**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောဓိရိပ်သာလမ်း၊ အမှတ် ၂၂နေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ ဦးတင်မောင်ဝင်း(ခ)မောင်မောင် အသက်(၅၉)နှစ်သည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Shwe Than Lwin Trading Co.,Ltd.**

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
### ဦးတင်မောင်ဝင်း(ခ)မောင်မောင်
**MD, Capital Construction Ltd,**
**MD, Myanmar Liwayway Food Industries Limited**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်း**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဖောဓိရိပ်သာလမ်း၊ အမှတ် ၂၂နေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ ဦးတင်မောင်ဝင်း(ခ)မောင်မောင် အသက်(၅၉)နှစ်သည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၅နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ရွှေဘဏ်**

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဒုံးဖြူ (ကော့ကရိတ်)
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်း၊ ၂လမ်းမြောက်၊ အမှတ် ၃၆၇နေ (ဦးရွှေလှ-ဒေါ်ရွှေငုံ)တို့၏သမီး၊ (ဦးထွန်းစိန်)၏ဇနီး၊ (ဦးငွေလှိုင်)-ဒေါ်စန်း၊ ဦးဝင်းကြိုင်(အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ပဆင)-နော်မူမူ(ခေတ္တ-စင်ကာပူ)၊ ဦးကျော်မြင့်(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ပဆင)-ဒေါ်ခင်မျိုးမြင့်(အိုင်ဒီယာပွိုင့်စားသောက်ဆိုင်)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်တင်နှစ် အသက်(၇၈)နှစ်
**ကွမ်းခြံကုန်းမြို့၊ ရေတိမ်ကျေးရွာ**

ရန်ကုန်မြို့နေ (ဦးဖိုးထန်-ဒေါ်ဇော်ခင်)တို့၏သမီး၊ (ဦးစံရာ-ဒေါ်မြစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ မြေညီ၊ အမှတ် ၁၃၆နေ ဦးစိုးအောင်(မိုးကောင်းကင်စာပေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စိုးစိုးဝင်း(ဒုတိယဌာနမှူး၊ လေကြောင်းပညာသိပ္ပံ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၏မိခင်သည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်တင်နှစ်
**ကွမ်းခြံကုန်းမြို့၊ ရေတိမ်ကျေးရွာ**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးဖိုးထန်-ဒေါ်ဇော်ခင်)တို့၏သမီး၊ (ဦးစံရာ-ဒေါ်မြစိန်)တို့၏သမီးချွေးမ၊ (ဦးဖေတင်)-ဒေါ်ကျော့ရင်၊ (ဦးဖေကျင်)-ဒေါ်ခင်တင့်၊ ဒေါ်တင်မြ၊ (ဦးကြီးမောင်-ဒေါ်တင်ကြည်)၊ (ဒေါ်တင်မှီ)၊ ဒေါ်တင်ရီ၊ ဒေါ်တင်ယုံ၊ (ဦးတင်ငွေ)-ဒေါ်ကြည်လှ၊ (ဦးတင်နွယ်)၊ ဦးသန်းထွေး-(ဒေါ်ညွန့်တင်)တို့၏ညီမ၊ ဦးသိန်းဟန်-ဒေါ်တင်ချစ်တို့၏အစ်မ၊ တူ၊ တူမ ၁၉ယောက်တို့၏အဒေါ်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄--၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၁၃၆၊ ၃၆လမ်း၊ ဦးစိုးအောင်၊ မိုးကောင်းကင်စာပေ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်ရွှေ(ခ)ဒေါ်ရွှေ
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုုင်းရွာမရပ်ကွက်၊ ဖိုင်းရေအိုးစင်လမ်း၊ အမှတ် ၆/၈၊ (D-1)၊ ပထမထပ်နေ ဦးကျင်စိုး(ခ)ဦးခင်မောင်စိုး(တောကျွဲအင်းဒေသကြီး၊ ရန်ကုန်၊ လူမှုကူညီရေးအသင်းနာယက)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သန့်ဇင်-ဒေါ်ခင်မာစိုး(သက်ထားစံ-ဆံပင်၊ မိတ်ကပ်)အလှပြုပြင်ရေး၊ ဦးဝင်းနိုင်စိုး-ဒေါ်ဝင်းမာ၊ ဦးသက်အောင်စိုး-ဒေါ်ခင်မာညို၊ မခင်သဲအိစိုး၊ မဖြူဖြူစိုး၊ မောင်ဟိန်းစည်သူစိုး-မချစ်ချစ်ဇော်၊ မောင်နေလင်းထက်စိုး-မမိုးမိုးအောင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်ခင်မာဝေ (ရေတာရှည်)
**အသက်(၆၅)နှစ်**

ရေတာရှည်မြို့၊ (၃)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းနေ ဦးမြဟန်၏ဇနီး၊ မခင်ခင်ဟန်(ဂန္ဓဝင်-မီနီစတိုး)၊ မအေးအေးဟန်၊ ဒုတိယဗိုလ်မှူးကြီးလှဇော်ဦး-မနုနုဟန်၊ ဗိုလ်ကြီးသန့်ဇင်ဝင်း(ငြိမ်း)-မချောစုဟန်၊ ကိုကျော်သူဟန်-မတိုးတိုးလွင်၊ ကိုစည်သူဟန်-မငွေသီတာဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေတာရှည်မြို့ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဖြူဖြူသန့်(ခ) ဒေါ်ပညာနန္ဒီ
**မြို့ပြမြေယာဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၁၁၉၁/ခနေ ဦးလူဖေဝင်း-(ဒေါ်သန်းမြင့်)တို့၏သမီး၊ ဦးညွန့်ဝေ-ဒေါ်ခင်ခင်ကြည်တို့၏သမီး/တူမ၊ (ဦးချစ်လှိုင်-ဒေါ်သိန်းရီ)၊ ဦးစိုးလှိုင်-(ဒေါ်မြစိန်)၊ ဦးအောင်မြင့် - ဒေါ်သက်သက်ဆွေ၊ (ဦးစိုးဝင်း-ဒေါ်ခင်သန်းနွဲ့)၊ (ဦးကျော်ငြိမ်း-ဒေါ်မြင့်မြင့်)၊ ဦးကျော်ခင်-ဒေါ်စန်းတင်တင်၊ ဦးလှမြင့်ထူး-ဒေါ်ဆွေဆွေမြင့်တို့၏တူမ၊ ဦးသန့်ဇင်ငွေး-ဒေါ်မူမူသန့်၊ ဦးထွန်းထွန်းဝင်း-ဒေါ်သင်္ဂီထွန်းတို့၏အစ်မ၊ မဝင့်သူသူအောင်၊ မယွန်းဆုဝေ၊ မထက်မှူးရတီတို့၏အဒေါ်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးမြင့်ကိုကိုနိုင်(ခ) ဦးကိုကိုနိုင်
**ရုံးအဖွဲ့မှူး(ငြိမ်း)**
**စီမံခန့်ခွဲရေးကော်မတီရုံး**
**ရွှေလင်ပန်းစက်မှုဇုန်**
**အထက(၁)ဒဂုံကျောင်းသားဟောင်း**
**အသက်(၅၀)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ တန်ဖိုးနည်းအိမ်ရာ၊ တိုက် (C)၊ အခန်း ၄၀၁နေ (ဦးအောင်မြင့်၊ ခရိုင်မန်နေဂျာ၊ ငြိမ်း)-ဒေါ်ခင်မြင့်မြင့်တို့၏သား၊ ဦးမောင်ကျော် - ဒေါ်ခင်ရွှေတို့၏သားသမက်၊ (ဒေါ်ဖြူဖြူမြင့်)၊ ဒေါ်စန္ဒာညီညီမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးခင်မောင်ကျော်-ဒေါ်သီတာမြင့်၊ ဦးရဲထွဋ်ဦး(ခေတ္တ-ဂျာမနီ)-ဒေါ်မြသီတာဆွေ၊ (ဒေါ်သန္တာမြင့်)တို့၏မောင်/ညီ၊ ဒေါ်ဥမ္မာမြင့်(ခေတ္တ-အမေရိကန်)တို့၏အစ်ကို၊ ဒေါ်ချောချောတင်၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၈-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးတင်ကြီး (စစ်တွေ)
**အသက်(၁၀၀)**

ရာဇဝတ်ဝန်ကြီး (ဦးထွန်းမြဦး-ဒေါ်စော)တို့၏သား၊ စက်ရှင်တရားသူကြီး (ဦးသာဇံဦး-ဒေါ်မဘု)တို့၏ သားသမက်၊ (ဒေါ်စော)၏ခင်ပွန်း၊ ဦးအောင်ပေါ်ဦး-ဒေါ်မူမူတင်၊ ဒေါ်ကြည်ကြည်တင်ကြီး-(ဒေါက်တာဦးကျော်စိုး)တို့၏ဖခင်၊ ဒေါ်သန္တာဦး-ဦးနေ့ထိပ်ဒိုး၊ ဒေါ်သင်းနွယ်စိုး-ဦးဝင်းကိုထွဋ်၊ ဦးထွန်းလွင်ဦး-ဒေါ်မေသင်းအေး၊ ကိုမိုးဟန်၊ ကိုဖြိုးဟန်တို့၏အဘိုးရှင်၊Felix ဝေလင်းထွဋ်၏အဖိုးရှင်သည် ၈-၄-၂၀၁၇ရက် (စနေနေ့) ည ၇း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၈၂ (က/၁)၊ ဆရာစံလမ်းသွယ်၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်မြမြသွင် (အထပ၊ ငြိမ်း)
**အသက်(၇၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ နိုင်ဂြောဓလမ်း၊ အမှတ် ၂၂-ကနေ ဦးကွေစို - ဒေါ်ခင်ညွန့်တို့၏ သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၇၆(က)၊ သုံးလွှာနေ ဦးထွန်းကြည်(ဒု-ညွှန်ချုပ်၊ ငြိမ်း၊ အခြေခံပညာဦးစီးဌာန)၏ဇနီး၊ ဒေါ်တင်တင်ငွေး၊ (ဦးအုန်းသွင်)-ဒေါ်ငွေးငွေးမြင့်၊ ဦးသက်လွင်-ဒေါ်ငွေးငွေးမြင့်၊ ဦးခိုင်ဝင်း-ဒေါ်ခင်ခင်ငွေးတို့၏အစ်မ၊ ကိုဖြိုးဝေထွန်း-မခင်သူမြင့်၊ ကိုရဲရင့်ထွန်း-မသန့်သန့်ဇင်၊ ကိုထက်အောင်ထွန်းတို့၏မိခင်၊ မောင်အောင်ကောင်းပြည့်၊ မမြတ်ပန်းဝေခင်၊ မောင်သန့်ဘုန်းသုတတို့၏ အဘွားသည် ၈-၄-၂၀၁၇ရက် ည ၉ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် သာပေါင်းမြို့နယ် စက်ဒေါင့်ကြီးရွာ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးထွန်းသောင်း
**CDC .7779 (BOSUN)**
**မြို့မကျောင်းသားဟောင်း**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၇လမ်း၊ အမှတ် ၇၅B.3 နေ မြို့မဆရာ (ဦးဘသောင်း - ဒေါ်ခင်ကြည်)တို့၏သား၊ (ဒေါ်သိန်းသိန်းဝင်း)၏ခင်ပွန်း၊ ဦးစိုးသူရ-ဒေါက်တာခင်ခင်အေး(လ/ထကထိက၊ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်မင်းဦး(Leonis Line -Seafarer Recruitment & Placement Services)(WANHAJN LINE) - ဒေါ်သဲအိစံ (Myawaddy Trading)တို့၏ဖခင်သည် ၈-၄-၂၀၁၇ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
### ဦးမြင့်ကြည် (ဘားအံမြို့)
**အသက်(၆၀)**

ဘားအံမြို့၊ အမှတ် ၉၊ ရတနာဒီပရပ်ကွက်၊ အဓိပတိလမ်းနေ (ဦးအောင်စိန် - ဒေါ်သိန်းတင်)တို့၏ သားလတ်၊ ဒေါ်သန်းသန်းအေး(ခ)မချို၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဘိုဘိုမြင့်ကြည်၊ မရဝေမြင့်ကြည်၊ မောင်ဇေဇေမြင့်ကြည်တို့၏ဖခင်သည် ၈-၄-၂၀၁၇ရက် မွန်းလွဲ ၁း၃၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးထွန်းထွန်းဦး
**အသက်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊အောင်မင်္ဂလာရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ် ၃နေ ဒေါ်လှလှအေး၏ခင်ပွန်း၊ မဇင်မေဦး၊ မသက်ငုံဦးတို့၏ဖခင်၊ မယွန်းမီမီ-မောင်အောင်ကောင်းမြတ်တို့၏အဘိုးသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၇ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဒူရိယ (မူလဒွါရ)
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**သက်တော်(၁၀၆)နှစ်၊ သိက္ခာတော်(၈၅)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဖားကူးကျေးရွာ၊ ပုဗ္ဗာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ (တိုက်ကြီးမြို့နယ်၊ အိုင်ကလောင်ကျေးရွာနေ ခမည်းတော် ဦးအုန်းခိုင်၊ မယ်တော် ဒေါ်ဒေါ်သန့်တို့၏ ပဌမမြောက် သားရတနာဖြစ်တော်မူသော) ဘဒ္ဒန္တဒူရိယ ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ရက်) ၈-၄-၂၀၁၇ရက် (စနေနေ့) ည ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၅ရက်) ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ပုဗ္ဗာရုံကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ပုဗ္ဗာရုံကျောင်းတိုက်

---

### ဦးပါ အသက်(၈၂)နှစ်
**(ပဲနွယ်ကုန်းအသင်းဝင်)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၀၅/၁၀၆နေ (ဒေါ်ညွန့်)၏ခင်ပွန်းသည် ၈-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန်။ အလုပ်အမှုဆောင်အဖွဲ့၊ ပဲနွယ်ကုန်းအသင်း

---

### ဗိုလ်ကြီးအောင်ချစ် (ငြိမ်း)
**ကြည်း-၁၉၂၅၅၊ (ထုတ်လုပ်ရေးတပ်၊ ပြည်သူ့ဆက်ဆံရေး)**
**အသက်(၈၇)နှစ်**

နေပြည်တော်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ သုခသီတာလမ်း၊ အမှတ်(၅၅၈/အေ)နေ (ဦးချစ်-ဒေါ်ငွေစိန်)တို့၏သား၊ (ဒေါ်အေးအေး)၏ခင်ပွန်း၊ ဦးမောင်မောင်တင့် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဒေါ်သန်းသန်းရီတို့၏ဖခင်သည် ၈-၄-၂၀၁၇ရက် (စနေနေ့) ည ၇း၄၀နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံမှ နေပြည်တော်ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးအောင်ချစ် (ငြိမ်း)
**အသက်(၈၇)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်ကြီးအောင်ချစ်(ငြိမ်း)သည် ၈-၄-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး**
**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးအောင်ချစ် (ငြိမ်း)
**အသက်(၈၇)နှစ်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်-ဒေါ်သန်းသန်းချို (ညွှန်ကြားရေးမှူး၊ ငြိမ်း)တို့၏ဖခင် ဗိုလ်ကြီးအောင်ချစ်(ငြိမ်း)သည် ၈-၄-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး**
**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**

---

### ဦးကျော်လွင်
**ရန်ကုန်တမြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့**
**အတွင်းရေးမှူးဟောင်း**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဖိုးရာဇာ(၃)လမ်း၊ အမှတ် ၉၆၀နေ (ဦးအုန်းဖေ-ဒေါ်စံခင်)တို့၏သား၊ ဒေါ်ဆန်းကျော့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမင်း၊ (ဦးဝင်းထွဋ်)၊ (ဦးစံလင်း)၊ ဦးဇော်မိုးအောင်-ဒေါ်ဝေဝေမြင့်တို့၏ဖခင်၊ မောင်တည်ငြိမ်၊ မေသူခိုင်၊ သိမ့်နဒီဇော်တို့၏အဘိုးသည် ၈-၄-၂၀၁၇ရက် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်မြမြဝင်း
**အသက်(၆၆)နှစ်**

ပဲခူးမြို့နေ ဦးသန်းမြင့်၏ဇနီး၊ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း-ဒေါ်မိုးသီတာမြင့်၊ ဦးသန်းနိုင်ဝင်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးညီညီဇော်-ဒေါ်တိုးတိုးတို့၏မိခင်သည် ၃-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၇ရက်တွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မူမူညွန့်(ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း) အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခွန်နီလမ်းသွယ်(၂)၊ အမှတ် ၁၀၀နေ (ဗိုလ်မှူးမောင်မောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ ဦးအေးကျော်(မြန်မာ့လေကြောင်း၊ ငြိမ်း)-ဒေါ်ချိုချိုညွန့်(ပျားမွေးမြူရေး၊ ငြိမ်း)၊ ဒေါ်ဆွေဆွေညွန့်(တရားလွှတ်တော်ရှေ့နေ)တို့၏ညီမသည် ၈-၄-၂၀၁၇ရက် (စနေနေ့) ည ၁၁း၀၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၉-၄-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး


ဒုတိယသမ္မတ ဦးမြင့်ဆွေ ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောရှိ ကျွန်းပင်ပေါက်များကို ကြည့်ရှုစဉ်

**နေပြည်တော် မေ ၉**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အတွင်း ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုများအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုင်းရသစ်တော ကြိုးဝိုင်းရှိ ကျွန်းသစ်စေ့ထုတ်ဧရိယာ ၁၅ ဧက စိုက်ခင်းအား ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးကျော်ကျော်လွင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတအား ဖိုးကျားဆင်စခန်း၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က နိုင်ငံတစ်ဝန်း နှစ်အလိုက် သစ်တောထိန်းထားမှု

*စာမျက်နှာ ၃ ကော်လံ ၁* ☀

## ထူးခြားသည့် နေ့အပူချိန်များ

၉-၅-၂၀၁၇

| | | |
|---|---|---|
| ချောက်မြို့၊ မကွေးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ မင်းဘူးမြို့ ဘော်လခဲမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| နေပြည်တော်(ရေဆင်း)၊ မုံရွာမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| စစ်ကိုင်းမြို့ မြင်းမူမြို့ မန္တလေးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ ရမည်းသင်းမြို့ ကျောက်ဆည်မြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| လှိုင်းတက်၊ တောင်တွင်းကြီးမြို့ ဂန့်ဂေါမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ ဆင်ဖြူကျွန်းမြို့ ပြည်မြို့ တောင်ငူမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |

## မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်မည်

စာ-၁၆

## သုံးနှစ်အရစ်ကျစနစ်ဖြင့် လယ်ယာမြေ ဧက ၃၀၀ ကျော် မြေညှိပြုပြင်ခြင်းဆောင်ရွက်ပေး

စာ-၁၈

# မြန်မာအမျိုးသမီးအသင်း သုံးပွဲဆက်အနိုင်ရ


မြန်မာအသင်း စင်ကာပူဘက်သို့ တိုက်စစ်ဆင်နေစဉ်

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- MFF**

**ဟန္နိုင်း မေ ၉**

၂၀၁၈ အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဃ) စတုတ္ထနေ့ကို ယနေ့ညနေပိုင်း က ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာ အသင်းက စင်ကာပူအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲ အနိုင်ရ ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် နီးစပ်လာခဲ့ပြီး အိမ်ရှင်ဗီယက်နမ်အသင်း နှင့် အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်း ကို အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း သုံးပွဲဆက်အနိုင်ယူနိုင်ခဲ့ပြီး ဗီယက်နမ် နှင့် အပြိုင်ဖြစ်နေသည်။

ဒဏ်ရာရကစားသမားများ ရှိနေ သည့် မြန်မာအမျိုးသမီးအသင်းသည် ဗီယက်နမ်နှင့် နောက်ဆုံးပွဲအတွက် အမာခံကစားသမားအချို့ကို အနားပေး ထားခဲ့ပြီး မြဖူးငုံ၊ ခင်သန်းဝေ၊ ဇင်မာဝင်း၊

*စာမျက်နှာ ၆ ကော်လံ ၅* ●

